မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၀၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်
* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အန်တိုနီယို ဒီဖာရီးယား အီး မာယာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အန်တိုနီယို ဒီဖာရီးယား အီးမာယာသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဒေါ့ဂလပ်စ် ဟာဗေး မွန်ရိုး ဂစ်ဘ်ဆင်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဒေါ့ဂလပ်စ် ဟာဗေး မွန်ရိုး ဂစ်ဘ်ဆင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၃၀ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းရေး နိုင်ငံတော်နှင့်အတူ ဒေသခံတိုင်းရင်းသားများ လက်တွဲပါဝင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသောဒေသဖြစ်၍ ဒေသတွင်းဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေးတို့တွင် အရေးပါသောဒေသဖြစ်သည်။

တစ်ချိန်က လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲများဖြင့် လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြသည့် သောင်းကျန်းသူများ၏ အန္တရာယ်ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပြီး တပ်မတော်အစိုးရလက်ထက်၌ တိုင်းရင်းသားအားလုံး ဆူကြံ့နိမ့်မြင့်ကွာဟမှုနည်းပါးပြီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် အထူးဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်ပေးခဲ့သည်။

နယ်မြေဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို အလေးထားဆောင်ရွက်ခဲ့ပေသည်။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ ဝိုင်းဝန်းပါဝင် လက်တွဲမှုတို့ကြောင့် ယခင်ကနှင့်မတူဘဲ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို လက်တွေ့ခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပဥ္စမအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒေသခံပြည်သူများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီ လက်တွဲပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံတိုင်းရင်းသားပြည်သူများက စည်းလုံးညီညွတ်စွာ လက်တွဲပါဝင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်သာနှင့် မလှိုင်မြို့နယ် ဒေသဖွံ့ဖြိုးရေး စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၂၆ရက် နံနက်ပိုင်းက တောင်သာမြို့နယ် ကိုင်းကျေးရွာအုပ်စုရှိ ကိုင်း၊ တံငါကျင်း၊ ကျောက်စောက်၊ အုံးပင်တော၊ ရေကျော်၊ သဲတော၊ သာစည်၊ မြင်းတဲ၊ ဆည်ကုန်း၊ ကန်ပေါက်၊ ဖိုင်းအင်းနှင့် မကျီးပင်ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာစာကြည့်တိုက်များအတွက် သဘာဝစွန့်ပစ်ပစ္စည်းသုံး LED မီးအိမ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် မလှိုင်မြို့နယ် ဆည်တိုကျေးရွာ၌ ဆည်တို၊ ဒဟတ္တန်း၊ လဲတော၊ ယာကြီးကုန်း၊ အုပ်ကြီး၊ ကျပ်ဆည်ကုန်းတဲနှင့် ကျင်းသာကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာများ မီးလင်းနိုင်ရေးအတွက် ညကြည့်မီးအိမ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၃၀-၄-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅း၀၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၃။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၄)
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၁၃)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏ တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျွန်ကျောင်း** (အပိုင်း-၄)

မြန်မာအားကစားအဖွဲ့ချုပ်များ ညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၂၇ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ ပတ္တမြားခန်းမ၌ကျင်းပသော (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်နိုင်ရေးအတွက် မြန်မာအားကစားအဖွဲ့ချုပ်များ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးသည် ဧပြီ ၂၈ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ဂူရှူးအားကစားလေ့ကျင့်ရေးစခန်း(ပဒုမ္မာ)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သေနတ်ပစ်လေ့ကျင့်ရေးစခန်းတို့၌ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး အားပေးစကားပြောကြားပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန် ရွာမအနောက်ရပ်ကွက် မိသားစုများ စတုဒိသာကျွေးပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၉ နာရီက အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် နတ်စင်လမ်းမိသားစုများ၏ (၂၉)ကြိမ်မြောက် စုပေါင်းစတုဒိသာကျွေးပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ရပ်ကွက်အတွင်းရှိ သီရိမင်္ဂလာမွှေ့ရုံ၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ဘာသာရေး၊ လူမှုရေးအဖွဲ့ဝင်များ၊ သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင်များ၊ အမျိုးသား အမျိုးသမီးလူငယ်အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် (၂၉)ကြိမ်မြောက် စတုဒိသာကျွေးပွဲနှင့် သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးအောင်ကျော်တို့က အဖွင့်အမှာစကားနှင့် ကျေးဇူးတင်စကား ပြောကြားပြီး အသက် ၇၀ကျော် အဘိုးအဘွား ၄၃ဦးတို့အား ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက ကန်တော့ ငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ဧည့်ခံကျွေးမွေး

ထို့နောက် ကန်တော့ခံသက်ကြီးများကိုယ်စား အဘိုးဦးဘိုကင်းနှင့် အဘွားဒေါ်လှမေတို့က ဆုပေးမေတ္တာသုတ်တရားတော်များ ချီးမြှင့်ပေးခဲ့ကြပြီး ကန်တော့ခံသက်ကြီး အဘိုး အဘွားများနှင့် ကြွရောက်လာကြသော ပရိသတ်များကို နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းကြသည်။ (၁၁၃)

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၂၉

ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီက မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွန်း၊ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ကိုယ်စားလှယ်၊ One Stop Service အဖွဲ့ဝင် အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ခံများ၊ ဆက်စပ်ဌာနများမှတာဝန်ရှိသူများ၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများ၊ အသင်းအမှုဆောင်များ၊ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ညှိနှိုင်းအစည်းအဝေးတွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှု အခက်အခဲများရှိပါက ပွင့်လင်းစွာဆွေးနွေးညှိနှိုင်း အဖြေရှာကြပြီး လုပ်ငန်းတိုးတက်ချောမွေ့လျင်မြန်ရေး၊ ပို့ကုန်စျေးကွက်ထိုးဖောက်ရှာဖွေရေး၊ ကုန်ပစ္စည်းအမယ်သစ်ရှာဖွေတင်ပို့ရေး၊ တန်ဖိုးမြှင့်ပို့ကုန်များ ကြိုးပမ်းတင်ပို့ရေးတို့ကို ဆွေးနွေးသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးဈေးရောင်းပွဲ ဗဟန်းတွင် ကျင်းပ

ရန်ကုန် ဧပြီ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ရက် နံနက် ၇နာရီခွဲက ဗဟန်းမြို့နယ် စက်မှု(၁) ဗဟန်း ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း သားရေပစ္စည်းစက်ရုံ စက်ရုံမှူး ဦးစိန်လှိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး (ဝဲပုံ) တက်ရောက်လာကြသူများက အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဝယ်ယူနိုင်

အဆိုပါ ဈေးရောင်းပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းခြောက်ခုမှ ထုတ်ကုန် ပစ္စည်းအရောင်းဆိုင်ခန်းများကို မေ ၃ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သံအမတ်ခန့်အပ်လွှာ ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အန်တိုနီယို ဒီဖာရီးယား အီး မာယာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၄င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။
(သတင်းစဉ်)

● *ရွှေဖုံးမှ*

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။
(သတင်းစဉ်)

ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

ဧပြီ ၂၉ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒေါ့ဂလပ်စ် ဟာဗေး မွန်ရိုး ဂစ်ဘ်ဆင်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်း - ရွှေဖုံး) (သတင်းစဉ်)

ဧပြီ ၂၉ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မီရ်ဂါနီ မိုဟာမက် ဆာလီအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်း - ကျောဖုံး) (သတင်းစဉ်)

မက္ကဆီကိုနိုင်ငံ၌ ဝက်တုပ်ကွေးရောဂါ ပြန့်ပွားမှုကာကွယ်ရေး တစ်ရပ် အဖြစ် မက္ကဆီကိုစီးတီး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်များအား မကူးစက်စေရန် နှာခေါင်းနှင့် ပါးစပ် အကာ အကွယ်များ အသုံးပြုလျက် ရှိသည်ကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဝက်တုပ်ကွေးကြောင့် သေဆုံးသူ မက္ကဆီကို၌ ၁၅၉ ဦးအထိရှိလာ စားသောက်ဆိုင် ၃၅၀၀၀ ကို ပိတ်ရန်အမိန့်ထုတ်

မက္ကဆီကိုစီးတီး ဧပြီ ၂၉

မက္ကဆီကိုနိုင်ငံတွင် ဝက်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိရာ သေဆုံးသူ ၂၀အနက် ခုနစ်ဦးသည် ဝက်တုပ်ကွေးရောဂါကြောင့် သေဆုံးသည်ဟု အတည်ပြုနိုင်ခဲ့သဖြင့် ယင်းနိုင်ငံအတွင်း ဝက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၉ဦး ရှိသွားပြီဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်များက ကြေညာခဲ့သည်။ လွန်ခဲ့သောရက်အနည်းငယ်ကနှင့်စာလျှင် သေဆုံးမှုနှုန်း ထိန်းထားနိုင်ပြီဖြစ်ကြောင်းလည်း သက်ဆိုင်ရာအရာရှိများက ထုတ်ဖော်ပြောကြားခဲ့သည်။

ဖော်ထုတ်ခဲ့

ယင်းရောဂါလက္ခဏာတွေ့ရှိရသူ ၂၄၉၈ဦးကို ရောဂါအမျိုးအမည်ဖော်ထုတ်ခဲ့ကြောင်း ဧပြီ ၂၈ရက်နှောင်းပိုင်းတွင် မက္ကဆီကိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဂျို့စ်ကော်ဒိုဗာက သတင်းထောက်များသို့ ပြောကြားသည်။ လွန်ခဲ့သောရက်အနည်းငယ်အတွင်း ဆေးရုံတင်ရသည့်နှုန်းလည်း ကျဆင်းခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မက္ကဆီကိုတွင် ဝက်တုပ်ကွေးဖြစ်ပွားခဲ့မှုသည် နိုင်ငံ၏ပြည်တွင်းအသားတင် ထုတ်ကုန် (ဂျီဒီပီ)၏ ၂၂ရာခိုင်နှုန်းကို လည်ပတ်နေသော မက္ကဆီကိုစီးတီးမြို့တော်ရှိ စီးပွားရေးလုပ်ငန်းများအား ထိခိုက်စေခဲ့သည်။

အမိန့်ထုတ်ပြန်

ပြီးခဲ့သည့် ဧပြီ ၂၄ ရက်တွင် ကျောင်းများကို ပထမဦးဆုံးပိတ်ထားရကတည်းက စီးပွားရေးလုပ်ငန်း ဖ၀ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ပြောကြားပြီးနောက် မက္ကဆီကိုစီးတီး အာဏာပိုင်များက ဧပြီ ၂၈ရက်၌ မက္ကဆီကိုစီးတီးမြို့ပေါ်ရှိ အားလုံးသော စားသောက်ဆိုင် ၃၅၀၀၀ကို ပိတ်ရန် အမိန့်ထုတ်ခဲ့သည်။

ကာကွယ်နိုင်

မက္ကဆီကိုနိုင်ငံမှ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်သို့ မိသားစုနှင့် အလည်အပတ်လာရောက်သူ လမ်းလျှောက်တတ်ကာစ ကလေးတစ်ဦး ဝက်တုပ်ကွေးကြောင့် သေဆုံးခဲ့ရာ ယင်းနိုင်ငံတွင် အဆိုပါရောဂါဖြစ်ပွားသူ ၆၅ ဦးအထိရှိလာပြီး ခုနစ်ဦးကို ဆေးရုံတင်ခဲ့ရသည်။ အမေရိကန်သမ္မတဘားရက် အိုဘားမားက ယင်းရောဂါကို အရှိန်အဟုန်မြင့်ကာကွယ်နိုင်ရန် ကွန်ဂရက်သို့ အမေရိကန်ဒေါ်လာ ၁ဒသမ၅ဘီလီယံ တောင်းဆိုခဲ့သည်။ ထို့အပြင် ကနေဒါတွင် ၁၃ဦး၊ စပိန်တွင် ၃၀၊ ဗြိတိန်တွင် ၂၀၊ ဩစတြီးယားတွင် မကြာခင်က မက္ကဆီကိုမှပြန်ရောက်လာသူ ငါးဦး၊ ကနေဒါ၌ ခြောက်ဦး၊ နယူးဇီလန်တွင် ၁၁ဦး၊ တောင်ကိုရီးယား၌ တစ်ဦး၊ စပိန်၌ ၁၈ဦး၊ စကော့တလန်၌ နှစ်ဦး၊ ဩစတြေးလျ၌ ၇၀၊ ဆွီဒင်နှင့် ဆွစ်ဇာလန်တွင် ငါးဦးစီ၊ ပြင်သစ်၊ အီတလီနှင့် ထိုင်းတို့တွင်တစ်ဦးစီ၊ ဂျာမနီ၌ သုံးဦးတို့ မှာ ဝက်တုပ်ကွေးရောဂါ ခံစားနေကြရသည်။

ကူးစက်ပြန့်ပွား

ယနေ့အထိ ဝက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားသော နိုင်ငံများမှာ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ အစ္စရေး၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ စပိန်၊ ပြင်သစ်၊ ဒိန်းမတ်၊ ဆွီဒင်၊ ချက်သမ္မတနိုင်ငံ၊ ဂျာမနီ၊ အီတလီ၊ ဩစတြီးယား၊ အိုင်ယာလန်၊ထိုင်း၊ တရုတ်ဟောင်ကောင်ဒေသ၊ ဗြိတိန်၊ စကော့တလန်၊ ဘရာဇီး၊ ပြင်သစ်၊ ပိုလန်၊ ဟော်လန်နှင့် ကော်စတာရီကာတို့ ဖြစ်ကြသည်။ **(အင်တာနက်)**

ဆိုမာလီပင်လယ်ဓားပြကိုးဦးအား စပိန်ရေတပ်သင်္ဘော ဖမ်းဆီး

မက်ဒရစ် ဧပြီ ၂၉

ဆိုမာလီကမ်းလွန်တွင် အီတလီသင်္ဘောတစ်စင်းကို အပိုင်စီးရန် ကြိုးပမ်းမှု၌ မအောင်မြင်သည့် ပင်လယ်ဓားပြအုပ်စုတွင် ပါဝင်ဖွယ်ရှိသည့် ဆိုမာလီ ပင်လယ်ဓားပြကိုးဦးအား စပိန်ရေတပ်သင်္ဘောက ဖမ်းဆီးလိုက်ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၂၈ ရက်တွင် ကြေညာသည်။

အန္တရာယ်ပေး

အေဒင်ပင်လယ်ကွေ့နှင့် စူးအက်တူးမြောင်းကိုဖြတ်ကာ ကမ္ဘာ့အရှေ့နှင့် အနောက်ကို ဆက်သွယ်ပေးသည့် လှုပ်ရှားမှုအများဆုံး ရေကြောင်းလမ်းကို ဆိုမာလီ ပင်လယ်ဓားပြများက အန္တရာယ်ပေးလျက်ရှိသည်။

ဓားပြတိုက်

ပြီးခဲ့သည့်နှစ်အတွင်းတွင် ၎င်းတို့က သင်္ဘောအစင်း ၁၀၀ကျော်ကို အပိုင်စီး ဓားပြတိုက်ခဲ့သည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ လာကီမာဝက်ဒေသတွင် ရဲတပ်ဖွဲ့ ကင်းလှည့်ယာဉ်အနီး၌ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စင်ကျန်းယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဂက်ဇ်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းစတင်

ပေကျင်း ဧပြီ ၂၉

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်ကျန်းယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ရေလွှမ်းမှုထိန်းချုပ်ရေးနှင့် လျှပ်စစ်စွမ်းအားအသုံးပြုရေးအတွက် အမေရိကန် ဒေါ်လာ ၃၁၅ သန်း ရင်းနှီးမြှုပ်နှံကာ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်လျက်ရှိသည်။

အဆိုပါ တည်ဆောက်ရေးစီမံကိန်းသည် ဂက်ဇ်မြစ် တစ်လျှောက်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းစက်ရုံ ငါးခုအနက် ပထမဆုံးနှင့်အကြီးဆုံးသောစီမံကိန်းဖြစ်ကြောင်း ၎င်းပြည်နယ်ရှိ ရေအရင်းအမြစ်နှင့်လျှပ်စစ်စွမ်းအားဌာနမှ ဒုတိယဥက္ကဋ္ဌ ဟူဒီပင်းက ပြောကြားသည်။

အသုံးပြုနိုင်

၎င်း ရေအားလျှပ်စစ် စက်ရုံသည် ပင်လယ်ရေမျက်နှာပြင်မှ မီတာ ၃၃၀၀ အထိ အသုံးပြုမည်ဖြစ်ပြီး လျှပ်စစ်ဂျင်နရေတာသုံးခုထားရှိကာ တစ်ခုလျှင် လျှပ်စစ်မဂ္ဂါဝပ် ၂၀၀ အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းကို ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့ရှိ ကန်ထရိုက်တာများက ဦးစီးလုပ်ဆောင်ကာ ၂၀၁၂ ခုနှစ်တွင်အပြီး တည်ဆောက်မည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဗဟိုဌာန အဆောက်အအုံအား ပြုပြင်မွမ်းမံပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဧပြီ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျော်ဂျီယာ၌ ပြုလုပ်မည့် နေတိုးစစ်ရေး လေ့ကျင့်မှု ရုရှားဝေဖန်ပြောကြား

မော်စကို ဧပြီ ၂၉

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)က ဂျော်ဂျီယာနိုင်ငံတွင် လာမည့်လအတွင်း စစ်ရေးလေ့ကျင့်မည့်အစီအစဉ်သည် အန္တရာယ်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ဧပြီ ၂၇ ရက်တွင် ဝေဖန်ပြောကြားလိုက်ပြီး ရုရှားနှင့်အတူ အခြားနိုင်ငံများက ယင်းကိစ္စအပေါ် သပိတ်မှောက်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

နေတိုးက တစ်လနီးပါး ကြာမြင့်မည့် စစ်ရေးလေ့ကျင့်မှုတွင် လေ့လာသူများစေလွှတ်ရန် ရုရှားနိုင်ငံကို ဖိတ်ကြားခဲ့သည်။ ယင်းစစ်ရေးလေ့ကျင့်မှုတွင် နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင် ၁၃၀၀ တို့ ပါဝင်ကြမည် ဖြစ်သည်။

ရုရှားက ယင်းစစ်ရေးလေ့ကျင့်ပွဲသို့ ပါဝင်မည်မဟုတ်ကြောင်း စစ်ရေးလေ့ကျင့်မှုမပြုလုပ်ရန် အခြားနိုင်ငံများအား တိုက်တွန်းမည်မဟုတ်ကြောင်း၊ ယင်းစစ်ရေးလေ့ကျင့်မှုသည် လက်ရှိအခြေအနေအတွင်း အန္တရာယ်ရှိသည်ဟု မိမိတို့ယုံကြည်ကြောင်း လက်ဗရော့က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

မူးယစ်ဆေးဝါးပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းတန်ချိန် ၂၇၀၀ ဗင်နီဇွဲလား၌ဖမ်းမိ

ကာရာကတ် ဧပြီ ၂၉

ဗင်နီဇွဲလားနိုင်ငံ၌ ယခုနှစ်အတွင်း တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းတန်ချိန် ၂၇၀၀ ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနက ဧပြီ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြောကြား

ဗင်နီဇွဲလားနိုင်ငံအတွင်း မူးယစ်တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ဝန်ထမ်းများအား လေ့ကျင့်ပျိုးထောင်ပေးမှုမှာ အရေးပါကြောင်း အမျိုးသားမူးယစ်ဆေးဝါး တိုက်ဖျက်ရေးဌာန ညွှန်ကြားရေးမှူး ရီဗာရိုလ်က ပြောကြားသည်။

တိုက်ဖျက်

ထို့ကြောင့် ယခုနှစ်အတွင်း မူးယစ်တိုက်ဖျက်ရေးအရာထမ်း ၇၀၀ ခန့်ကို ကောင်းစွာ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

သီရိလင်္ကာအစိုးရတပ် လက်နက်ကြီးများ မသုံးတော့

ကိုလံဘို ဧပြီ ၂၉

အစိုးရတပ်နှင့် တမီးလ်ကျားသူပုန်များအကြား ပိတ်မိနေသည့် ထောင်ပေါင်းများစွာသော အရပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တမီးလ်ကျားသူပုန်များအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းရန် သီရိလင်္ကာအစိုးရတပ်က သဘောတူလိုက်ပြီဖြစ်သည်။

အရပ်သားများအား ထိခိုက်သေဆုံးစေမည့် အမြောက်လက်နက်များ၊ တိုက်လေယာဉ်နှင့် ဝေဟင်ပစ်လက်နက်များကို အသုံးမပြုတော့ရန် တပ်ဖွဲ့ဝင်များအား ညွှန်ကြားထားသည်ဟု သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။ **(အင်တာနက်)**

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မိုးညှင်းမြို့ ပင်ရဲလှ၌ စာကြည့်တိုက်ဖွင့်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်ရဲလှကျေးရွာ ကိုယ့်အားကိုယ်ကိုး အရဏ်ဦး စာကြည့်တိုက်အဆောက်အအုံ ဖွင့်ပွဲကို မတ် ၂၄ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာန်ငိုင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်နိုင်ဦးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ (၀၀၂)

မြိတ်မြို့နယ် တောင်ဖီလာ-ကဟန်းလမ်း ကျောက်ချောခင်း

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော တောင်ဖီလာ-ကဟန်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မတ် ၁၆ရက်က အမှုဆောင်အရာရှိ ဦးစိုးညွန့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟန်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

မင်းတပ်၌ ဆက်သွယ်ရေးစခန်းဖွင့်

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့နယ် မက္ကီအိမ်နူးကျေးရွာတွင် MPT Terminal ဆက်သွယ်ရေးစခန်းဖွင့်ပွဲကို ဧပြီ ၁၆ရက် နံနက် ၁၀နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ပြည်နယ်ဆက်သွယ်ရေးလုပ်ငန်း ကြီးကြပ်ရေးမှူး ဦးအွမ်ဘေလိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်သာ၌ လုပ်ငန်းညှိနှိုင်း စည်းဝေး

တောင်သာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၉ရက်က မြို့နယ်ရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိုးစိုးရွှေ၊ အတွင်းရေးမှူး ဦးသန်းနိုင်နှင့် ကျေးရွာ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ တက်ရောက်ကြပြီး နွေစပါးစိုက်ပျိုးပြီးစီးမှု၊ နှမ်းစိုက်ပျိုးပြီးစီးမှုနှင့် ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဟိုမိန်း၌ ပြန်/ဆက်လုပ်ငန်းများ ညှိနှိုင်းစည်းဝေး

လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးသည် မတ် ၂၅ ရက်က ဟိုမိန်းမြို့သို့သွားရောက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ ၂၀၀၉-၂၀၁၀ခုနှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

ညောင်ရွှေမြို့မ မင်္ဂလာဈေး၌ သန့်ရှင်းသာယာရေး ဆောင်ရွက်

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဈေးသန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်က မြို့မ မင်္ဂလာဈေး အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသသည်။ (မြို့နယ်စည်ပင်)

နွားထိုးကြီး၌ အခြေခံမီးသတ်သင်တန်းဖွင့်

နွားထိုးကြီးမြို့နယ် မီးဘေးအန္တရာယ်ကင်းရေးအတွက် အခြေခံမီးသတ်သင်တန်းဖွင့်ပွဲကို ဧပြီ ၁၀ ရက်က နွားထိုးကြီးမြို့နယ် ညောင်ပင်ရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဖရိုမန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ ပြင်စည်မြို့နယ်အတွင်းမှ ကျေးရွာမီးသတ်သင်တန်းသား ၂၀ကျော် တက်ရောက်ကာ ရက်သတ္တနှစ်ပတ်ကြာ ပို့ချကြောင်း သိရသည်။ (၀၉၂)

ပေါက်တောမြို့မဈေး၌ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

ပေါက်တောမြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မတ် ၁၅ ရက်က မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ကြသည်။ (မြို့နယ်စည်ပင်)

မြိုင်မြို့ မြို့မဈေး၌ ကျန်းမာရေးနှင့်ညီညွတ်ရန် ရောင်းချမှုစစ်ဆေး

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့ မြို့မဈေးကြီးအတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် သား၊ ငါးများ ယင်လုံဆန်ခါဖြင့်ရောင်းချနေမှုကို ဧပြီ ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် ဈေးတာဝန်ခံ ဦးဘိုဝင်းတို့ ဈေးအတွင်း ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် ကိုကိုးကျွန်းမြို့နယ် ဆက်သွယ်ရေး စခန်း၌ Solar System တပ်ဆင်အသုံးပြု ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၇ရက် နံနက်ပိုင်းက ကိုကိုးကျွန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းနှင့် ဆက်သွယ်ရေးစခန်းတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန် တို့သည် ယာယီ သစ်နီရေဆင်းတံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန် တို့သည် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်း ကြိုကျောင်းသို့ သွားရောက်၍ လက်ဆောင် ပစ္စည်းနှင့် ရေသန့်စက်ကို ပေးအပ်လှူဒါန်း ကြသည်။ ထိုမှတစ်ဆင့် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ရှိ သူများက ဆေးရုံအတွင်း လိုက်လံ ရှင်းလင်း ပြသကြပြီး တိုင်းမှူးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း၍ ထောက်ပံ့ငွေများနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန် တို့သည် ကိုကိုးရေလှောင်တမံကို ကြည့်ရှု စစ်ဆေး၍ နယ်မြေခံတပ်၏ စိုက်ခင်းအတွင်း သီးနှံမျိုးစုံကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ် ရေးမှူးရုံးကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိ သူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့် ဆည်းပေးသည်။ ထို့နောက် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် တွေ့ဆုံရာ တိုင်းမှူးက မြို့နယ် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့တော် ဝန်က အမှာစကား ပြောကြားကာ တာဝန်ရှိ သူများက ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေ အနေများကို ရှင်းလင်းတင်ပြကြသည်။

ပေးအပ်

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင် ကြိုင်တို့က မြို့နယ်စာကြည့်တိုက်အတွက် လှူဒါန်းသော စာအုပ်၊ စာစောင်များကို တိုင်းမှူးက ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက BIO ဘက်ထရီ၊ စားသောက်ကုန်၊ လူသုံးကုန်၊ Solar စက်၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများ က လက်ခံကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူ တို့က ထောက်ပံ့ပစ္စည်းများကို ပေးအပ် ကြသည်။ ယင်းနောက် တိုင်းမှူးက လိုအပ်ချက်များဖြည့်စွက်မှာကြားပြီး မြို့နယ် ဆက်သွယ်ရေး စခန်း၌ Solar System တပ်ဆင်အသုံးပြုဆောင်ရွက်နေမှုကိုကြည့်ရှု စစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးသည် နယ်မြေခံ တပ်ရှိ အစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ကျန်းမာရေးဝန်ကြီး ဌာနမှ ကြီးမှူးကျင်းပသော အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက် သတ္တပတ် (၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၄ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်း အဝေးခန်းမ၌ ကျင်းပရာ အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက် သတ္တပတ်နှင့် ပတ်သက်၍ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို မော်လမြိုင်မြို့အထွေထွေရောဂါကုဆေးရုံ ကြီး ဆေးရုံအုပ် ဒေါက်တာဉာဏ်ဇော်က ဖတ်ကြားစဉ်။

(၀၁၄)

ရွှေဘိုနှင့် ဝက်လက်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ကွင်းဆင်းဆောင်ရွက်

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ဧပြီ ၅ရက်က ကလော မြို့တွင်းသို့ ရေဖြန့်ဝေသောရေအေး ကန် ဆည်ရေသိုလှောင်ထားမှုနှင့် တမံ ကြံ့ခိုင်မှု အခြေအနေများကို ကွင်းဆင်း စစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးအောင် မြင့်ဆွေနှင့် အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် တို့က ရှင်းလင်းပြသစဉ်။(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၂၅ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဒွန်တဲကုန်းကျေးရွာ၌ ဒွန်တဲကုန်းနှင့် မျက်နှာပန်းကျေးရွာတို့မှ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက အားကစား ပစ္စည်း၊ ဗလာစာအုပ်များနှင့် စာအုပ်မျိုးစုံ တို့ကို လည်းကောင်း၊ ဒေါက်တာဦးဘိုကြီး (ရုပ်ပျိုတိုင်းရင်းဆေး)က ကျောင်းဆောင် ဆောက်လုပ်ရန် ငွေကျပ်နှစ်သိန်းကို လည်း ကောင်း ပေးအပ်လှူဒါန်းကြပြီး ဝန်ကြီးက ဆောက်လုပ်ဆဲ ကျောင်းဆောင်ကို ကြည့်ရှု စစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် ဝက်လက် မြို့နယ် သမန်သာကျေးရွာသို့သွားရောက်၍ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးက အားကစား ပစ္စည်း၊ ဗလာစာအုပ်များနှင့် စာအုပ်မျိုးစုံကို လည်းကောင်း၊ ဒေါက်တာဦးဘိုကြီး (ရုပ်ပျို တိုင်းရင်းဆေး)က စာသင်ကျောင်းဆောက် လုပ်ရန် ငွေကျပ် ၁၀သိန်းနှင့် ဦးထွန်းကိုကို မိသားစုက ငွေကျပ် နှစ်သိန်းတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရမည်းသင်း၌ စာကြည့်တိုက်အဆောက်အအုံဖွင့်၊ စာအုပ်များလှူဒါန်း

ရမည်းသင်း ဧပြီ ၂၉

ရမည်းသင်းမြို့နယ် ရေဦးအုပ်စု မကျီးစုကျေးရွာတွင် အနာဂတ်မိုးကောင်းကင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များက သုတ၊ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးဦးတင်ရွှေက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မန္တလေး၌ အလှကုန်ထုတ်လုပ်နည်း သင်တန်းဆင်း

မန္တလေး ဧပြီ ၂၉

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)က ကြီးမှူး၍ နိုင်ငံခြားအလှကုန်ထုတ်လုပ်နည်းသင်တန်း (၃/၂၀၀၉) ဆင်းပွဲကို ဧပြီ၈ရက် နံနက်၉နာရီက ၈၃လမ်း ကူးသန်းရောင်းဝယ်ရေးသင်တန်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ညွှန်ကြားရေးမှူး ဦးငွေလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ပထမ ဦးသိန်းကိုကို၊ ဒုတိယ ဒေါ်တင်မိုးဇင်နှင့် တတိယဒေါ်လှိုင်ယသော်နွယ်တို့အား ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ (၀၉၀)

*** ကျောဖုံးမှ**

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားရာ၌ ရေပုံးတံတားသည် တနင်္သာရီတိုင်းအတွက် အရေးပါသည့် တံတားတစ်စင်းဖြစ်ပြီး ပေ ၁၈၀နှင့်အထက် တံတားများတွင် ၂၂၄စင်းမြောက်ဖွင့်လှစ်သည့် တံတားသစ်ကြီးဖြစ်ကြောင်း၊ တနင်္သာရီတိုင်းအတွက် ပေ ၁၈၀နှင့်အထက် ကိုးစင်းမြောက် တံတားဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်မှု

ယခုကဲ့သို့ တံတားများတစ်စင်းပြီးတစ်စင်း တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်၏ အဆင့်အတန်း၊ မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းနှင့် တီထွင်ကြံဆမှု၊ တိုင်းရင်းသား ပြည်သူများ၏ ညီညွတ်မှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကို မှတ်ကျောက်တင်ပြ ဆိုလိုခြင်း ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် ဆီအုန်း၊ ရော်ဘာ၊ ကွမ်းသီးနှင့်သီဟိုဠ်စေ့တို့ ဖြစ်ထွန်းအောင်မြင်ပြီး နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကဏ္ဍ၌ အရေးပါသည့် တိုင်းတစ်ခု ဖြစ်ကြောင်း။

ယခုနေရာမှာ ရေပုံးတံတားဆောက်လုပ်နိုင်ခြင်းအားဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက် အထောက်အပံ့ကောင်းဖြစ်စေပြီး ပြည်မမှ တနင်္သာရီတိုင်း ကော့သောင်းအထိ သွားလာနိုင်၍ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုမှာလည်း အဆင်ပြေချောမွေ့စေကြောင်း။

ပေါင်းကူးဆက်သွယ်

ထို့အပြင် အခြားပြည်နယ်/တိုင်းများကိုလည်း တည်ဆောက်ပြီးသည့် လမ်းတံတားများကိုသုံးပြီး လွယ်ကူလျင်မြန်စွာ ပေါင်းကူးဆက်သွယ် သွားလာနိုင်ကြတော့မည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း။

ကုန်ကျစရိတ်သက်သာ

ယခု ရေပုံးတံတားပေါ်ပေါက်လာခဲ့ခြင်းကြောင့် ထားဝယ်ခရိုင်အတွင်းနှင့် တနင်္သာရီတိုင်းအတွင်းရှိ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ၊ ရေလုပ်ငန်းများနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများသည် ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောပို့ဆောင်ခြင်းများကို ကုန်ကျစရိတ်သက်သာလွယ်ကူ မြန်ဆန်စွာဖြင့် ပို့ဆောင်သယ်ယူနိုင်တော့မည်ဖြစ်ကြောင်း။

ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် အချိန်တိုအတွင်း ခရီးပေါက်နိုင်အောင် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ ဖွင့်လှစ်လိုက်သည့် ရေပုံးတံတား အပါအဝင်

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ၂၈ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ပံ့ပိုးကူညီပေးရေးနှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက မိမိတို့၏ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်မှ ဆောင်ရွက်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျအသုံးပြုရင်း မိမိတို့၏ နောင်လာနောက်သားများပါ အသုံးပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကား

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရေပုံးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာအဖွဲ့ဝင်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

၂၉-၄-၂၀၀၉

ချောက်
၄၂ဒီဂရီစင်တီဂရိတ်
မြင်းခြံ
၄၂ဒီဂရီစင်တီဂရိတ်
မုံရွာ
၄၂ဒီဂရီစင်တီဂရိတ်
ညောင်ဦး
၄၂ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၉-၄-၂၀၀၉

ရန်ကုန် (မြို့လယ်)
၀ ဒသမ ၉၅ လက်မ
သာယာဝတီ
၀ ဒသမ ၈၆ လက်မ
မြင်းခြံ
၀ ဒသမ ၅၅ လက်မ

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၉

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ပျမ်းမျှအပူချိန်

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့၊ မြင်းခြံမြို့၊ မုံရွာမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရန်ကုန်မြို့လယ်တွင် ၀ဒသမ ၉၅လက်မ၊ သာယာဝတီမြို့တွင် ၀ ဒသမ ၈၆လက်မနှင့် မြင်းခြံမြို့တွင် ၀ဒသမ ၅၅လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

တိမ်အတင့်အသင့်

ဧပြီ၃၀ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အတင့်အသင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မွန်းလွဲ/ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများ ဖွင့်ပွဲကျင်းပ ဒေသတွင်းခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးဆိုင်ရာများဆွေးနွေး

ရန်ကုန် ဧပြီ ၂၉

အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများဖြစ်သည့် (၃၆)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး၊ (၂၇)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အဆင့်အတန်းမြှင့်တင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံအပျော်စီး သင်္ဘောခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို အာဆီယံနိုင်ငံများ၌ အက္ခရာစဉ်အလိုက် အလှည့်ကျ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပသည့် အစည်းအဝေးများ ဖွင့်ပွဲကို ဧပြီ၂၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ballroom ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. I Gusti Putu နှင့် အာဆီယံနိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Special Officer, Mr. Eddy Krismeidi ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဈေးကွက်မြှင့်တင်ရေးကော်မတီတို့မှ အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဝမ်းမြောက်ဂုဏ်ယူ

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က **(ယာပုံ)** ယခုကျင်းပသည့် အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပမည်

ယင်းနောက် (၃၆)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ကုန်သည်ကြီးများဟိုတယ် Summer Palace Room ၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဌာနများမှ ကိုယ်စားလှယ်များက ဒေသတွင်း ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး အစည်းအဝေးများကို ဧပြီ ၃၀ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယနေ့ ဆက်လက်ကျင်းပ

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဗဟို အလုပ်အမှုဆောင်များနှင့် ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာ ဒေါ်သိန်းသိန်းငွေနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါက်တာ နှင်းရည်လှိုင်တို့က ဆောင်ရွက်ကြသည်။

ဖြည့်စွက်ဆွေးနွေး

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များ၏ ၂၀၀၈ ခုနှစ် နှစ်ချုပ် အစီရင်ခံစာများကို ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေါက်တာ ဒေါ်နန်းသူဇာကလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေါက်တာ ဒေါ်နန်းကိန်းဖောင်းတစ်ကလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဒေါက်တာဒေါ်ဇင်မာဦးက လည်းကောင်း၊ ရောဝတီတိုင်းမှ ဒေါက်တာ ဒေါ်ခင်စန်းလွင်က လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိ ဒေါ်အေးအေးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များ၏ လေ့လာချက် စာတမ်းများ ဖတ်ကြား တင်သွင်းခြင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ဆောင်ရွက်သည်။

ရောဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ရောဝတီတိုင်းမှ ဒေါက်တာ ဒေါ်ခင်စန်းလွင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၈ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဒေါက်တာ ဒေါ်ဇင်မာဦး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

စာတမ်းများ

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များ၏ လေ့လာချက်စာတမ်းများကို ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးများဖြစ်ကြသော ကချင်ပြည်နယ်မှ ဒေါက်တာဦးအေးငြိမ်းက 'ကိုယ်ဝန်ဆောင်မိခင်လောင်းများ၏ ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူများနှင့် ကျန်းမာရေးနှင့်မညီညွတ်သော အပြုအမူများကို လေ့လာခြင်း' စာတမ်း၊ ကယားပြည်နယ်မှ ဒေါက်တာဦးသန်းထွန်းမြင့်က 'အာဟာရချို့တဲ့ ငါးနှစ်အောက်ကလေးများအား ဖြည့်စွက်အာဟာရကျွေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း' စာတမ်း၊ ကရင်ပြည်နယ်မှ ဒေါက်တာ ဦးငွေနောင်က 'ငါးနှစ်အောက်ကလေးများ ခြင်ထောင်နှင့် အိပ်စက်သည့် အလေ့အထနှင့် မိဘများ၏ ငှက်ဖျားရောဂါဆိုင်ရာ ဗဟုသုတအခြေအနေလေ့လာခြင်း' စာတမ်း၊ ချင်းပြည်နယ်မှ ဟားခါး ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမင်းခိုင်က 'ငှက်ဖျားရောဂါကျဆင်းရေး မိခင်ကလေးအသင်း ကူညီပေး' စာတမ်း၊ စစ်ကိုင်းတိုင်းမှ ဒေါက်တာဦးကျော်ရှိန်က 'နေခြည်ဖြာမှ နွေးသောကြောင့်' စာတမ်း၊ တနင်္သာရီတိုင်းမှ ဒေါက်တာဦးသန်းဝင်းက 'ဆေးလိပ်ငွေ့များ ကင်းစင်မှ မိခင်၊ကလေး ဘဝ သာယာလှပ' စာတမ်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း)မှ ဒေါက်တာဦးငွေစန်းက 'ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ မျိုးဆက်ပွား ကျန်းမာရေး ဗဟုသုတနှင့် အမူအကျင့်လေ့လာခြင်း' စာတမ်းနှင့် ပဲခူးတိုင်း (အနောက်ပိုင်း)မှ ဒေါက်တာ ဦးနေမျိုးအုန်းက 'ကျောင်းနေအရွယ် ကျောင်းနေမယ် ကျားရယ် မရယ် မခွဲပါတယ်' စာတမ်းတို့ကို အသီးသီး ဖတ်ကြား တင်ပြကြပြီး နံနက်ပိုင်း နှစ်ပတ်လည် အစည်းအဝေး အစီအစဉ်များကို ခေတ္တရပ်နားသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒေါက်တာ ဒေါ်နန်းကိန်းဖောင်းတစ် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်ပြ

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် နှစ်ပတ်လည်အစည်းအဝေးကို ပြန်လည် ကျင်းပရာပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးများ ဖြစ်ကြသော မကွေးတိုင်းမှ ဒေါက်တာ ဦးမောင်မောင်အောင်ကျော်က 'ဆက်လက်လန်းဆန်း မျိုးဆက်ပန်း' စာတမ်း၊ မန္တလေးတိုင်းမှ ဒေါက်တာ ဦးခင်မောင်ထွန်းက 'မိခင်သေနှုန်း၊ကလေးသေနှုန်းကျဆင်းရေးတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှု' စာတမ်း၊ မွန်ပြည်နယ်မှ ဒေါက်တာဦးငွေအောင်က 'မျိုးဆက်ပွား ကျန်းမာရေးနှင့် ပတ်သက်သည့် ဗဟုသုတများအား လူငယ်များအတွင်း လေ့လာခြင်း' စာတမ်း၊ ရခိုင်ပြည်နယ်မှ ဒေါက်တာ ဦးချိုထွန်းက 'ဒေသခံ အရန်သားဖွားဆရာမ မွေးထုတ်ခြင်းလုပ်ငန်းအား ဆန်းစစ်ခြင်း' စာတမ်း၊ ရန်ကုန်တိုင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက 'လုံခြုံစိတ်ချ မိခင်ဘဝ ရရှိနိုင်ရေးအတွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မွေးထုတ်ထားသော အရန်သားဖွားဆရာမများ၏ အခန်းကဏ္ဍ သုတေသန' စာတမ်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေါက်တာ ဦးမြင့်အောင်က 'ရင်သွေးငယ်တို့ ကျန်းမာဖို့ မိခင်အသိ ရှေ့ဆောင်စို့' စာတမ်း၊ (မိခင်နှင့်ကလေး HIV ပိုးကင်းစင်ရေးဆိုင်ရာ ဗဟုသုတစာတမ်း)'၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒေါက်တာ ဦးစိုင်းစန်ဝင်းက 'လူမှုဘဝမြင့်မားစေရာ ပညာ ပဒေသာ' စာတမ်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဒေါက်တာ ဦးအောင်ကြည်ဆွေက 'သလိပ်ပိုးတွေ့ လူနာနှင့်အတူ အိမ်သားများတွင် တီဘီရောဂါ ကူးစက်ဖြစ်ပွားမှု လေ့လာခြင်း' စာတမ်းနှင့် ရောဝတီတိုင်းမှ ဒေါက်တာဦးအေးကိုကိုက 'ရောဝတီတိုင်းအတွင်း ပြည်သူလူထုအခြေပြု အရန် သားဖွား ဆရာမများ၏ အခြေအနေကို ဆန်းစစ်လေ့လာခြင်း' စာတမ်းတို့ကို အသီးသီး ဖတ်ကြားတင်ပြကြသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၈ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဒေါက်တာ ဒေါ်နန်းသူဇာ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဖြည့်စွက်ဆွေးနွေး

အဆိုပါ လေ့လာချက်စာတမ်းများ တင်ပြချက်တို့နှင့် စပ်လျဉ်း၍ သဘာပတိ ဒေါက်တာထွန်းနိုင်ဦးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ညနေပိုင်းတွင် နှစ်ပတ်လည် အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ယင်းနှစ်ပတ်လည် အစည်းအဝေး တတိယနေ့ အစီအစဉ်များကို မေ ၃၀ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၅-၂၀၀၉

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 နံနက်ခင်းသတင်း
- ၆:၀၀ **ခန္ဓာအနာနှင့်ဆေးမဂ္ဂင်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၆:၄၅ တောင်ကြီးမြို့ရဲ့ တုမရှိ လောကချမ်းသာစူဠာမုနိ
- ၇:၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၀)
- ၇:၃၀ TOM & JERRY
- ၈:၀၀ MRTV-4 နံနက်ခင်းသတင်း
- ၈:၄၅ မိခင်နှင့်ကလေးအာဟာရ (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
- ၉:၁၅ အနုပညာမိုးကောင်းကင်
- ၉:၄၅ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
- ၁၀:၀၅ Shopping Guide (Jyanko Super Market)
- ၁၀:၂၀ သဘာဝအလှသနပ်ခါးက
- ၁၀:၂၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာစုစုခိုင်နှင့်တွေ့ဆုံခြင်း)
- ၁၀:၄၅ ရွှေလီတံတား
- ၁၁:၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးခေါင်းဟင်းချိုနှင့် ဝက်သားလုံးခြင်္သေ့ခေါင်းပြုလုပ်နည်း)
- ၁၁:၂၀ သီးပွင့်ဝေဆာပဒေသာ(သရက်)
- ၁၁:၂၅ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥသဖရား) (အပိုင်း-၁)
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၁၅ ရတနာပုံမြို့တည်၊ နန်းတည် အနှစ် (၁၅၀)ပြည့် မန္တလေးအနုပညာပုံရိပ်ပွဲတော်အကြိုပြင်ဆင်နေမှုများ
- ၁၂:၄၀ ဝိုင်းဝန်းပက်ဖျန်းမေတ္တာပန်း ထောက်ကြန့်ကလေးပြုစုရေးဌာန
- ၁:၀၀ **ခန္ဓာအနာနှင့်ဆေးမဂ္ဂင်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၁:၄၅ တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
- ၁:၅၅ Study Guide(Mon Mon's Beauty Saloon)
- ၂:၁၅ စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့်အားကစား)
- ၂:၃၅ World's Greenest Homes
- ၃:၀၀ လေ့လာဆည်းပူးသင်ယူချင်စရာ RV Centre မှာ (အပိုင်း-၁)
- ၃:၃၀ ပျော်ရွှင်စရာ Utopia Tower
- ၃:၅၀ Land of Flowers
- ၄:၄၀ တိရစ္ဆာန်လေးတွေမွေးကြမယ်
- ၄:၅၅ Activities in the City (အောင်ဇမ္ဗူအေးစေတီထီးတင်ပွဲ)
- ၅:၀၅ Shopping Guide (Jyanko Super Market)
- ၅:၂၅ နေရာတိုင်းတွင် အသုံးဝင် ရှားစောင်းလက်ပပ်ပင်
- ၅:၄၅ တေးဂီတအစီအစဉ်
- ၆:၀၀ MRTV-4 ညနေခင်းသတင်း
- ၆:၁၅ ရတနာပုံမြို့တည်၊ နန်းတည် အနှစ် (၁၅၀)ပြည့် မန္တလေး အနုပညာပုံရိပ်ပွဲတော် အကြိုပြင်ဆင်နေမှုများ
- ၆:၄၀ စီးဆင်းပါစေမေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
- ၆:၅၀ အနုပညာမိုးကောင်းကင်
- ၇:၁၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ငါးခေါင်းဟင်းချိုနှင့် ဝက်သားလုံး ခြင်္သေ့ခေါင်းပြုလုပ်နည်း)
- ၇:၃၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာစုစုခိုင်နှင့်တွေ့ဆုံခြင်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ World's Greenest Homes
- ၈:၄၀ Study Guide(Mon Mon's Beauty Saloon)
- ၉:၀၅ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥသဖရား) (အပိုင်း-၁)
- ၉:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၀)
- ၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁၁:၄၅ ပျော်ရွှင်စရာ Utopia Tower
- ၁၂:၁၀ Land of Flowers
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သာစည်မြို့နယ် သာဂရကျေးရွာ၌ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သာဂရ၊ သဲပုံ၊ ကျောက်ပနား၊ ဘွဲ့ခြား၊ ငှက်ကြီးသိုက်၊ ဟံဇား ကျေးရွာအုပ်စုခြောက်အုပ်စုတို့မှ ဒေသခံပြည်သူ ၇၀၀၀ကျော်တို့အား ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

၁၉၄၈ ခုနှစ် မှ ၁၉၈၈ ခုနှစ်အထိ အတိတ်သမိုင်းဖြစ်စဉ်များကို မှန်ကန်စွာပြန်လည်သုံးသပ် ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံးဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက်ဆက်လက်ရရှိရေး အာမခံနိုင်မည့်အခြေအနေမျိုးရရှိအောင် စဉ်းစားဆင်ခြင်ဆောင်ရွက်ကြရန် အထူးအရေးကြီး

နေပြည်တော် ဧပြီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ၂၈ရက် နံနက်၁၀နာရီတွင် မိတ္ထီလာခရိုင် သာစည်မြို့နယ် သာဂရကျေးရွာ ပြည်သူ့အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးကျော်သန်းထွန်းနှင့် သာဂရကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်လွင်တို့က ပြည်သူ့အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ပြင်ဆင်ထားရှိမှု၊ စာငှားစနစ်ဖြင့် စာအုပ်များငှားရမ်းနေမှုတို့ကို ကြည့်ရှု၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်များကို တာဝန်ရှိသူများအား မှာကြားကာ စာပေဖတ်ရှုနေသည့် ပြည်သူများကို အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သာဂရ၊ သဲပုံ၊ ကျောက်ပနား၊ ဘွဲ့ခြား၊ ငှက်ကြီးသိုက်၊ ဟံဇား ကျေးရွာ အုပ်စုခြောက်အုပ်စုတို့မှ ဒေသခံပြည်သူ ၇၀၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ သာဂရကျေးရွာအုပ်စုမှ ရပ်မိရပ်ဖ ဦးထွန်းကြည်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဆည်ကြီးကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ငှက်ကြီးသိုက်ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် စာအုပ်၊ စာစောင်များ၊ ဇီဝဘက်ထရီနှင့် မီးသီးများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဇနီး မိသားစုတို့က သာဂရကျေးရွာ ကျေးလက်ဆေးခန်း ငွေပဒေသာပင်အတွက် ငွေကျပ်၁၀သိန်းကို လှူဒါန်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက စာကြည့်တိုက်များအတွက် သတင်းစာနှင့် သုတ၊ ရသစာစောင်များကို လည်းကောင်း၊ ရွှေတောင်ကုမ္ပဏီက သာဂရကျေးရွာ စာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ် ၁၅သိန်းကိုလည်းကောင်း၊ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သာဂရကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကိုလည်းကောင်း၊ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက စာကြည့်တိုက်အတွက် စာစောင်များကိုလည်းကောင်း၊ သာဂရကျေးရွာမှ စေတနာရှင်များက စာကြည့်တိုက်အတွက် စုပေါင်းလှူဒါန်း ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာကြည့်တိုက်အတွက် ငွေကျပ် နှစ်သောင်းနှင့် စာစောင်များကိုလည်းကောင်း၊ အလှူရှင်များဖြစ်ကြသော ဟံဇားကျေးရွာမှ ဦးခင်မောင်ငြိမ်းမိသားစု၊ သာဂရကျေးရွာမှ ဦးညွန့်လွင်မိသားစု၊ ဦးအောင်ဇော်သိန်းမိသားစုနှင့် ဦးစိုးတင် မိသားစုတို့က ကျေးရွာစာကြည့်တိုက်များ အတွက် တစ်နှစ်စာသတင်းစာအတွက် အလှူငွေနှင့် မဂ္ဂဇင်းစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မိတ္ထီလာမြို့နယ် ရှမ်းတဲကျေးရွာ အလင်းရောင်စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်များ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ရှမ်းတဲကျေးရွာ အလင်းရောင်စာကြည့်တိုက်သို့ ရောက်ရှိရာ စာကြည့်တိုက်မှ တာဝန်ရှိသူများက စာအုပ်စာစောင်များ ပြင်ဆင်ထားရှိမှု၊ ဒေသခံပြည်သူများအား စာငှားစနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးမှုတို့ကို ရှင်းလင်းပြသကြပြီး ဝန်ကြီးက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ရာ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရှမ်းတဲ၊ ကဖြူ၊ လျှော်ဖြူကန်၊ ကန်သာ၊ မကျီးစု၊ ဘုရားကုန်း၊ ရွှေလဲညောင်အိုင်၊ ဆည်ကုန်း၊ ဇောင်ချမ်းကုန်း၊ ကျောင်းရွာနှင့် ညောင်ကန်ကျေးရွာအုပ်စု ၁၁အုပ်စုနှင့် မြို့ပေါ် ရပ်ကွက် ၁၄ရပ်ကွက်တို့မှ ဒေသခံပြည်သူ ၅၀၀၀တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှမ်းတဲကျေးရွာမှ ရပ်မိရပ်ဖဦးကြည်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဒေသအတွက် လိုအပ်သည်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

လက်ခံ

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ရှမ်းတဲကျေးရွာ စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်း၊ ဘုရားကြီးကုန်းကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်း စုစုပေါင်းလှူဒါန်းငွေကျပ်၁၀သိန်းတို့ကိုလည်းကောင်း၊ ကျေးရွာများအတွက် ဇီဝဘက်ထရီအိုးနှင့် မီးသီးများကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးစိုးမြင့်၊ ဇနီးဒေါ်ခင်အေးကြီးမိသားစုတို့က စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ဒီဗွီဒီတစ်စုံတို့ကိုလည်းကောင်း၊ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဂျာနယ် စာစောင်များကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဂျာနယ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ရတနာပုံမန္တလေး မြို့တည်နန်းတည် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပမည်

နေပြည်တော် ဧပြီ ၂၉

ရတနာပုံမန္တလေး မြို့တည် နန်းတည် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို မေ ၁၄ရက်မှ ၁၈ရက်အထိ မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

အဆိုပါ အထိမ်းအမှတ်ပွဲတော်တွင် စာပေပြိုင်ပွဲ(အခြေခံပညာအဆင့်၊အဆင့်မြင့်ပညာအဆင့်နှင့် အလွတ်တန်းအဆင့်)ကို မန္တလေးတက္ကသိုလ်နှင့် အထက(၁၄)၌လည်းကောင်း၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တို့ကို ရတနာပူရခန်းမ၌လည်းကောင်း၊ ပန်းချီ၊ ပန်းပု၊ ရွှေချည်ထိုးနှင့် မြန်မာမှုအနုပညာပြပွဲနှင့် ဓာတ်ပုံပြပွဲတို့ကို မန္တလေးမြို့တော်ခန်းမ၌လည်းကောင်း၊ မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပြပွဲ၊ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာသိုင်းပြပွဲတို့ကို ရွှေမန်းတောင် အားကစားကွင်း၌လည်းကောင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဗထူးအားကစားခန်းမ၌လည်းကောင်း၊ ကာယဗလမောင်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲတို့ကို အမျိုးသားဇာတ်ရုံ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ပွဲတော်အကြိုအဖြစ် မန္တလေး စာပေ၊ သဘင်၊ ဂီတ အနုပညာရှင်များပူးပေါင်း၍ အနုပညာပုံရိပ်ပွဲတော်နှင့် အနုပညာဦးစီးဌာန မန္တလေးကဇာတ်ဌာနခွဲမှ ယိမ်းအကနှင့် ယဉ်ကျေးမှုအစီအစဉ်များကို ဧပြီ ၃၀ရက်မှ မေ၃ရက်အထိ အမျိုးသားဇာတ်ရုံတွင် ဖျော်ဖြေတင်ဆက်ကပြသွားမည်။

ဖျော်ဖြေတင်ဆက်

ပွဲတော်ရက် မေ ၁၄ရက်မှ ၁၈ရက်အထိ ဖျော်ဖြေမှုအစီအစဉ်အဖြစ် ရုပ်ရှင်၊ ဂီတ အဆိုတော် အနုပညာရှင်များနှင့် တွဲဖက်၍ ခေတ်ပေါ်တေးဂီတ တီးဝိုင်းငါးဖွဲ့တို့က အလှည့်ကျ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး မော်ကွန်းရုပ်ရှင်၊ ဇာတ်သဘင် ငါးဖွဲ့၊ အငြိမ့်ငါးဖွဲ့တို့ဖြင့်လည်း ညစဉ် ဖျော်ဖြေတင်ဆက်၍ မြို့တည်နန်းတည် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် မင်းတုန်းမင်းတရားကြီး၏ ပုံတူကြေးသွန်းရုပ်တုနှင့် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်တို့ကိုလည်း စိုက်ထူသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲ

ထို့ပြင် ရတနာပုံမန္တလေး မြို့တည်နန်းတည် နှစ်(၁၅၀)ပြည့် ပွဲတော်အထိမ်းအမှတ်အဖြစ် စာတမ်းဖတ်ပွဲ အခမ်းအနားကို ဧပြီ ၂၈ရက်ကကျင်းပရာ မန္တလေးမြို့မှ ဌာနဆိုင်ရာများ၊ စာပေနှင့်စာနယ်ဇင်းမှပုဂ္ဂိုလ်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြပြီး စာတမ်းဖတ်ပွဲတွင် စာတမ်းပညာရှင် ၁၉ဦးတို့က မင်းတုန်းမင်း တည်ဆောက်ထားခဲ့သော သတ္တဌာနများ၊ နန်းတော်ကျောက်စာများ၊ ရတနာပုံခေတ်မှ နောက်ပိုင်းပန်းချီ၊ ပန်းပုအနုပညာများကို ရသစုံလင်စွာဖြင့် ဧပြီ ၃၀ရက်အထိ ဖတ်ကြားတင်သွင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းမြို့ သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဧပြီ၂၀ရက်က စစ်ကိုင်းမြို့ အိုးဘိုရပ်ကွက်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၄)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ တည်ဆောက်ရေးတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (အပေါ်ပုံ)

အကောင်အထည်ဖော်

အဆိုပါသီရိမင်္ဂလာ ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းသည် ဧရာဝတီ(ရတနာပုံ) စစ်ကိုင်းဘက် ချဉ်းကပ်လမ်းပေါ်တွင် တည်ရှိပြီး မန္တလေး-ရွှေဘို-မြစ်ကြီးနား ရထားလမ်းကို ခုံးကျော်တံတားအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တံတားအမျိုးအစားမှာ အောက်ခြေ လေးလမ်းသွား၊ အပေါ်ထည် လေးလမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပြီး အရှည် ၄၈၅ပေ၊ ယာဉ်သွားလမ်း အကျယ် ၄၈ပေနှင့် တစ်ဖက်လျှင် လူသွားလမ်းအကျယ် လေးပေစီ၊ ရထားလမ်းကင်းလွတ်အမြင့်၁၇ပေ၊ အကျယ်၅၂ပေ၊ ခွင့်ပြုအလေးချိန် တန် ၆၀ဖြစ်ကြောင်းနှင့် မေလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးမှုအရှိန်အဟုန် ပိုမိုမြင့်မားစေရန် ဝန်ထမ်းများအားလုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဧပြီ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များ ကြီးကြပ်ရေး ကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၀၉)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်းဆွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေး ပြောကြားကြပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံတော်ပိုင် ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများကဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရည်မှန်းချက် လုပ်ငန်းတာဝန်များ ပြည့်မီအောင်မြင်စေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဝန်ကြီးက ဌာနဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန် ပိုမိုမြင့်မားစေရန် ဌာနဆိုင်ရာ ဝန်ထမ်းအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်-မုံရွာလမ်း(ကဇွန်းမ-မုံရွာအပိုင်း)၌ တောင်ယမားချောင်း(ဝက်ခုတ်) တံတားဖွင့်

နေပြည်တော် ဧပြီ ၂၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့နှင့်အတူ ဧပြီ ၂၇ရက်တွင် ကျင်းပသည့် မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပုသိမ်-မုံရွာလမ်း(ကဇွန်းမ-မုံရွာအပိုင်း)ရှိ တောင်ယမားချောင်း(ဝက်ခုတ်)တံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

တံတားဖွင့်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာ စကားပြောကြားပြီး တိုင်းဥက္ကဋ္ဌက အမှာစကားပြောကြားကာ ဒုတိယဝန်ကြီးက တံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခံနိုင်ဝန်

အဆိုပါ ဝက်ခုတ်တံတားသည် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ် (၇၉/၁)၌ ရှိပြီး သံကူကွန်ကရစ် အောက်ထည် ဘေလီသံပေါင်တံတား ဖြစ်ကြောင်း၊ တံတားခံနိုင်ဝန် ၁၃ တန် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အထူးအရေးကြီး

တွေ့ဆုံပွဲများတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ကျေးလက်နေပြည်သူများ စာပေဗဟုသုတ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်များ ပိုမိုရင့်ကျက်တိုးပွားလာအောင် ထူထောင်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးသည် အခြေခံကျသည့် လုပ်ငန်းဖြစ်သဖြင့် ဒေသခံပြည်သူများကပါ ဝိုင်းဝန်းပါဝင်မြှင့်တင်ကြရေး၊ ပြည်သူများ ကျန်းမာရေးအသိပညာ ပိုမိုတိုးတက်ပြီး နေထိုင်မှုဘဝတွင် ကျန်းမာရေးနှင့်လျော်ညီအောင် လိုအပ်သည်များ ပြုပြင်နေထိုင်သွားရေး၊ ကျေးလက်စီးပွားရေးတွင် မွေးမြူရေးနှင့်စိုက်ပျိုးရေးကို တွဲဖက်သည့်စနစ်ကို တိုးမြှင့် ဆောင်ရွက်ရေး၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစနစ်ကို တစ်မိသားစု ချင်းသော်လည်းကောင်း၊ ကျေးရွာအလိုက်သော်လည်းကောင်း၊ ကျေးလက်နေ ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်အသုံးပြုနိုင်ရေး၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ရေးတို့ကို ဆွေးနွေးမှာကြားလိုကြောင်း၊ အထူးသဖြင့် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ အတိတ်သမိုင်းဖြစ်စဉ်များကို မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်လျက် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကိုလေ့လာပြီး အနာဂတ်တွင် ပစ္စုပ္ပန်ကာလကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိနိုင်ရေးအတွက် အာမခံနိုင်မည့်အခြေအနေမျိုးရရှိအောင် စဉ်းစားဆင်ခြင် ဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉) တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၉) Myanmar ICT Exhibition-2009 ကို မေ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပြသမည်

အဆိုပါပြပွဲတွင် MPEC ၏ ပြခန်း၌ မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်သည့်CICT Diploma in Software Engineering သင်တန်းနှင့် စင်ကာပူသမ္မတနိုင်ငံ Beacon School of Technology မှ ပေးအပ်မည့် Double Certificate သင်တန်းများ အကြောင်းတို့ကိုပါ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အမှတ်(၃)လမ်းဆုံမှ နေပြည်တော်စီလမ်းဆုံအထိ ၃၀-၄-၂၀၀၉ ရက်မှစ၍ ယာဉ်ဖြတ်သန်းခ ကောက်ခံမည့် နှုန်းထားများ

ယာဉ်အမျိုးအစား	အမှတ်(၃)လမ်းဆုံ မှ ဖြူး	ဖြူး မှ နေပြည်တော်	အမှတ်(၃)လမ်းဆုံ မှ နေပြည်တော်
၁တန်အောက်ယာဉ်	၁၅၀၀	၁၀၀၀	၂၅၀၀
၃တန်အောက်ယာဉ်	၃၀၀၀	၂၀၀၀	၅၀၀၀
၅တန်အောက်ယာဉ်	၄၅၀၀	၃၀၀၀	၇၅၀၀
၁၀တန်အောက်ယာဉ်	၇၅၀၀	၅၀၀၀	၁၂၅၀၀

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကလေးငယ်များ အိမ်မွေးကြောင်များကြောင့် ရင်ကျပ်ရောဂါဖြစ်ပွားနိုင်

အိမ်မွေး တိရစ္ဆာန်ဖြစ်သည့် ကြောင်ကို ကလေးငယ်များရှိသည့် နေအိမ်များ၌ မမွေးမြူသင့်ကြောင်း၊ ကြောင်များ၏ အမွေးများမှ တစ်ဆင့် ကလေးငယ်များ ရင်ကျပ်ရောဂါနှင့် အဆုတ်ရောဂါများဖြစ်ပွားစေနိုင်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက သတိပေးလိုက်သည်။

ခုခံမှု

ထို့အပြင် အိမ်မွေးကြောင်များတွင် အဆုတ်ရောဂါဖြစ်ပွားစေနိုင်သော ဗိုင်းရပ်စ်ပိုးများ တွယ်ကပ်နေလေ့ရှိကြောင်း၊ ကြောင်၏ အမွေးကြောင့်မဟုတ်ဘဲ ဗိုင်းရပ်စ်ပိုးများကြောင့် ခုခံမှုစွမ်းအား နည်းပါးနေသော ကလေးငယ်များအား ဆိုးရွားသည့် ရောဂါများရရှိစေကြောင်း ၄င်းတို့က ပြောကြားသည်။ ကလေးများတွင် အဆုတ်ရောဂါဖြစ်ပွားမှုကိုလေ့လာရာ၌ အဆုတ်ရောဂါဖြစ်ပွားသည့် ကလေးငယ် ၂၀၀၀တွင် ၇၅ရာခိုင်နှုန်းမှာ အိမ်မွေးကြောင်များကြောင့်ဖြစ်သည်ဟု ၄င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ပျံ့နှံ့စေ

အိမ်မွေးကြောင်များသည် မကြာခဏ ကိုယ်ခန္ဓာခါခြင်း၊ ခြေလက်များဖြင့် မိမိခန္ဓာကိုယ်ကို ကုတ်ခြစ်ခြင်းတို့ကြောင့် ဗိုင်းရပ်စ်ပိုးများနှင့် ကြောင်မွေးများ နေအိမ်၌ ပျံ့နှံ့စေသဖြင့် ရင်ကျပ်ရောဂါနှင့် အဆုတ်ရောဂါများရရှိစေကြောင်း ဗြိတိသျှသုတေသနပညာရှင်များက သတိပေးထားသည်။

မြန်မာ-ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲဝင်မည့် ရိုးရာလက်ဝှေ့သမားများနှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံမှတ်တမ်း-ဇင်လင်းထွန်း(ခနဖြူ) စာမျက်နှာ ဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၉

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ထက်လင်းအကြောင်ပြေ ဒဏ်ကျေလိမ်းဆေးတိုက်၏ အဓိကကူညီပံ့ပိုးမှုဖြင့် H & S Groupမှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို)တာဝန်ယူစီစဉ်သည့် မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာ လက်ဝှေ့သမားများ၏ လေ့ကျင့်ပြင်ဆင်ထားရှိမှုများကို သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

သုဝဏ္ဏဘောလုံးကွင်းအထူးတန်းပွဲကြည့်စင်အောက်ရှိ လေ့ကျင့်ရေးခန်းမ၌ စောငမန်းကို နည်းပြဆရာ မောင်ကျော်(ခ) ရိုးရိုးထွေး(ငှင်း၏ဦးမင်း) နှင့် ဦးတင်ဦး (အား/ကာ)တို့က လေ့ကျင့်ပေးသည်။ တွေ့မရှောင်ကို ကိုကျော်စိုး(ခ)ကဘော်မြေကျော်စိုး(KLN)၊ ကြယ်လင်းအောင်ကို ကိုကျော်စိုး(ဘားအံ၊ တောင်ကလေး)တို့က လေ့ကျင့်ပေးနေသည်။ လေ့ကျင့်မှုရပ်နားချိန်ကို စောင့်ဆိုင်း၍ ပထမဦးစွာ စောငမန်းကို မေးမြန်းခွင့်ရခဲ့သည်။

မေး- စောငမန်းရေ- မင်းနဲ့ ယှဉ်ပြိုင်ရမယ့် ဂျင်ကာဝါရဲ့ ထိုးသတ်ပုံကို ကြည့်ရှုလေ့လာပြီးပြီလား။

ဖြေ- အဲဒီ ဒီဗွီဒီတွေက မနက်က (၂၈-၄-၂၀၀၉)ရက်မှ ရောက်တယ်။ မကြည့်ရသေးဘူးခင်ဗျာ၊ ညကျမှ ကြည့်ရမယ်။

မေး- သူ့အကြောင်းသိထားသလောက်နဲ့ မင်းဘက်က ဘယ်လို ကြိုတင်ပြင်ဆင် ထားတာမျိုးရှိလဲ။

ဖြေ- သူက ဂျူဒိုခါးပတ်နက်အဆင့်ရှိပြီး ကစ်ဘောက်ဆင်လည်း ထိုးတတ်တယ် ဆိုတာရယ်၊ ကျွန်တော်နဲ့ ဝိတ်ရော၊ အရပ်ရော အတူတူပဲ ဆိုတာလောက် သိပါတယ်။ အဲဒီလောက်သိတာနဲ့ ဘာမှ အထူးအထွေ ပြင်ဆင်တာမျိုးမရှိပါဘူး။ အဓိကကတော့ ကိုယ့်ဘက်က သက်လုံကောင်းဖို့ရယ်၊ လှုပ်ရှားမှု မြန်ဆန်နေဖို့ရယ်ပါပဲ။ ပြိုင်ဘက် ဘယ်လိုလဲဆိုတာ ကြိုးဝိုင်းထဲရောက်ရင် အကဲခတ်ပြီး အဆင်သင့်သလို၊ အခွင့်အရေးရသလို လုပ်သွားမှာပါ။

မေး- ဒါဆို ပြိုင်ဘက်ရဲ့ထိုးလုံးသတ်ကွက်တွေကို ကြိုတင်လေ့လာဖို့ မလိုဘူး ဆိုတာမျိုးလား။

ဖြေ- ကျွန်တော်ပြောတာ အဲဒါမျိုး မဟုတ်ပါဘူး၊ လေ့လာခွင့်ရရင်တော့ အကောင်းဆုံးပါပဲ။ ဒါပေမယ့် ကျွန်တော်တို့က နယ်စပ်ဘက်မှာ မွေထိုင်းတွေနဲ့ ယှဉ်တယ် ဆိုရင် ဘယ်သူ ဘာလဲဆိုတာ ဘာမှကြိုသိရတာမှမဟုတ်ဘဲ ကြိုးဝိုင်းထဲရောက်တော့မှ တွေ့ကြတာမျိုးဆိုတော့ ဒီလိုပြိုင်ဘက်ရဲ့ပွဲကို ကြိုကြည့်ရတာ မကြည့်ရတာ အပေါ် သိပ်ပြီး စိတ်မပူမိဘူးဆိုတာမျိုးပါ။

မေး- အခုလာမယ့်သူက ဂျူဒိုသမား ဆိုတော့ ကိုင်ပေါက်တာ အားသန်တဲ့ စောငမန်းနဲ့ အားချင်းပြိုင်ပြီး အပူးအဖက်တွေ သိပ်များနေမလားလို့ တချို့က သုံးသပ်ကြတာရှိတယ်။ စောငမန်း အနေနဲ့ အထိုး ၊ အကန်ကို အားမသန်တဲ့ သဘောလား။

ဖြေ- အမှန်အတိုင်း ပြောရရင် ကျွန်တော် လက်သီးထိုးတာထက်စာရင် ခြေကန်တာကို ပိုအားသန်ပါတယ်။ ခြေကန်တာထက် စာရင်တော့ ချုပ်ပြီး ကိုင်ပေါက်ရတာကို ပိုပြီး အားရတယ်။ ရိုးရာလက်ဝှေ့မှာ တစ်ခုတည်း ကောင်းလို့မရဘဲ လက်သီး၊ ခြေကန်၊ ဒူး၊ တံတောင် သာမကဘူး ခေါင်းနဲ့လည်း ရိုက်တတ်ဦးမှ ဖြစ်တာပါ။ ဒါပေမယ့် ပွဲသိမ်းတစ်ခု ကောင်းတော့ ရှိရမယ်လို့ ရှေးလူကြီးတွေက ပြောခဲ့တာလည်း ရှိပါတယ်။ နည်းကတော့ စုံပါရဲ့ တစ်နည်းမှ ပွဲသိမ်းလောက်အောင်မကောင်းဘူးဆိုရင် ပြိုင်ဘက်ကလည်း ကိုယ့်ကို မခန့်ညားပါဘူး။ ဒါကြောင့် ကျွန်တော့် အနေနဲ့ လက်သီးထိုးတာ ခြေကန်တာတွေကိုလည်း အခွင့်သာရင် အသုံးချပေမယ့် ကျွန်တော့်ပွဲသိမ်း သတ်ကွက်ကတော့ ကိုင်ပေါက်တာပါပဲ။ အဲဒါကို ကျွန်တော် ပိုင်နိုင်သလို အဲဒီလို လုပ်ရတာကိုလည်း အားရကျေနပ်တယ်။

မေး- ဒါဆို ဂျင်ကာဝါကိုလည်း ကိုင်ပေါက်ပြီး ပွဲသိမ်းမယ်ပေါ့။

ဖြေ- သူ့အခြေအနေကို ကြည့်ရဦးမှာပါ။ ပွဲသိမ်း ကိုင်ပေါက်တယ်ဆိုတာ အခွင့်အရေးရမှလည်း ဖြစ်နိုင်တာပါ။ အခွင့်အရေးပေါ်လာလို့ကတော့ ကျွန်တော်က လုပ်ချလိုက်ပြီးသားပါပဲ။

မေး- တချို့လက်ဝှေ့သမားတွေကတော့ အနိုင်အရှုံးကို ယတိပြတ် ကြိုပြောလေ့မရှိဘူး။ ကြိုးစားမယ် ဆိုတာမျိုးလောက်ပေါ့၊ စောငမန်းကရော ဒီပွဲကို ဘယ်လို ခန့်မှန်းချင်လဲ။

ဖြေ- ဒါကစိတ်ထဲမှာ သိနေတာမျိုးရှိတတ်တယ်။ လက်ဝှေ့သမားချင်းဆိုရင် သိပါတယ်။ တစ်ခါတလေကျတော့ သိပ်မသေချာဘူး ၊ တစ်ခါတလေကျတော့ စိတ်လေးတယ်။ ဒါမျိုးပေါ့ ဒီပွဲမှာတော့ ကျွန်တော့် စိတ်ထဲမှာ သိပ်တက်ကြွနေတယ်။ ဘယ်သူလာလာ အပြတ်ဖွဲ့လိုက်မယ်ဆိုတာမျိုးဖြစ်နေတယ်။ အနိုင်ယူဖို့ အဆင်သင့်ပါပဲ။

စောငမန်းကို မေးမြန်းပြီးနောက် လေ့ကျင့်မှုကို ခေတ္တစောင့်ဆိုင်းကာ တွေ့မရှောင်ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး- တွေ့မရှောင်ရေ ခရေဇီဟောလ်နဲ့ ယှဉ်ဖို့ အဆင်သင့်ပဲလား။

ဖြေ- (သူ့ထုံးစံအတိုင်း မှုန်တေတေ ပြုံးစေ့စေ့ဖြင့်) အဆင်သင့်ပဲဆရာ။

မေး- ခရေဇီဟောလ် ထိုးတဲ့ပွဲရော ကြည့်ပြီးပြီလား၊ ဘယ်လိုသုံးသပ်မိသလဲ။

ဖြေ- နေ့လယ်က ခဏကြည့်ဖြစ်တယ်။ ဒီပွဲမှာတော့ သူ့ထိုးသတ်ပုံက ကိုဝင်းထွန်းလောက်တောင် မကောင်းဘူးလို့ ထင်ပါတယ်။ ဒါပေမယ့် ဒီတစ်ပွဲတည်းကြည့်ပြီး ဆုံးဖြတ်လို့တော့မရပါဘူး။ လက်ဝှေ့သမားဆိုတာ အကြောင်း အမျိုးမျိုးနဲ့ လက်ရည်အတက်အကျ ရှိတတ်ပါတယ်။

မေး- ကြည့်ရသလောက်မှာ တွေ့မရှောင်ကို အန္တရာယ်ပေးနိုင်တဲ့ အနေအထား ဘာတွေ့ရလဲ။

ဖြေ- လက်သီးထွက်တာ မြန်တယ်၊ ရွေ့လျားမှု ကောင်းတယ်၊ ဒါပေမယ့် ကြည့်ရသလောက်တော့ ပွဲသိမ်းနိုင်တဲ့ တစ်ခုကောင်းမတွေ့ရဘူး။

မေး- တွေ့မရှောင်ကရော သူ့ကို ဘာနဲ့ ပွဲသိမ်းလိုက်မယ်ဆိုတာမျိုးတွေးထားတာရှိလား။

ဖြေ- အဲဒီလိုတော့ မရှိပါဘူး၊ ပွဲသိမ်းဖို့ဆိုတာ အခွင့်အရေး ဘယ်လိုပေါ်လာလဲဆိုတာရယ်၊ အဲဒီလိုပေါ်လာအောင် ကိုယ်ဖန်တီးယူလို့ ရမရ ဆိုတာရယ်ရှိတယ်လို့ ဆရာတွေ ပြောဖူးတာရှိပါတယ်။ ဒီပွဲမှာ အခွင့်အရေးပေါ်တာကို စောင့်ကြည့်မယ်၊ ပေါ်အောင်လည်း ဖန်တီးမယ်၊ ရလာတဲ့ အခွင့်အရေးနဲ့ကိုက်မယ့် သတ်ကွက်ကို သုံးရမှာပါပဲ။ ကျွန်တော်ကတော့ တံတောင်ရိုက်ပြီး ဝိုက်လက်သီးတွဲတွေ ထိုးပစ်ချင်တယ်။

ထို့နောက် ကြယ်လင်းအောင်ကို မေးမြန်းခဲ့သည်။ ကြယ်လင်းအောင်က စကားနည်းလှသဖြင့် မေးတစ်ခွန်း ဖြေတစ်ခွန်းဆိုသည့်မျိုး ဖြစ်နေသည်။

မေး- ကြယ်လင်းအောင် အခုထိုးရတော့မယ့် ကူရီနိုင်းတိုရှီယာ အကြောင်း ဘာသိထားတာရှိလဲ။

ဖြေ- မရှိဘူး။

မေး- ဒီလိုလေ-မင်းထက်အရပ်ရှည်တယ်၊ သူက ကရာတေးသမား၊ ဒါပေမယ့် မွေထိုင်းလက်ဝှေ့လည်း ထိုးဖူးတယ် ဆိုတာမျိုးပေါ့။

ဖြေ- အဲဒါတော့သိတယ်။ အရပ်ရှည်တာကတော့ ကျွန်တော်နဲ့ထိုးရင် အရပ်ရှည်တဲ့သူများတာပဲ။

မေး- ကြယ်လင်းအောင် ရန်ကုန်ကို ရောက်တာ ဘယ်နှရက်လောက်ရှိပြီလဲ၊ ဒီမှာ နေ၊ စား၊ လေ့ကျင့်ရတာ အဆင်ပြေရဲ့လား။

ဖြေ- ရက်၂၀လောက်ရှိပါပြီ။ အဆင်ပြေပါတယ်။ အခု ဒီရှေ့က Goal Hotel မှာ ထားပေးတယ်။

မေး- ကြယ်လင်းအောင်နဲ့ထိုးရမယ့် ကူရီနိုင်း တိုရှီယာ ထိုးထားတဲ့ပွဲတွေ ကြည့်ပြီးပြီလား။ ဘယ်လို သဘောရလဲ။

ဖြေ- ကြည့်ပြီးပြီ၊ ကောင်းပါတယ်။ သူကောင်းတော့ ထိုးရတာ ကောင်းတာပေါ့။ (ပရိသတ် ကြည့်ကောင်းမည်ဟု ဆိုလိုဟန်တူသည်။)

သုဝဏ္ဏမှ ကမ္ဘာအေးသို့ ဆက်လက်သွားရောက်၍ လုံးချောနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး- လုံးချောရေ-ဆာမူကာဝါနဲ့ ထိုးဖို့ အဆင်သင့်ပဲလား။

ဖြေ- အဆင်သင့်ပဲဆရာ။

မေး- သူက လုံးချောကို ထိုးချင်လှချည်ရဲ့လို့ တောက်လျှောက် စိန်ခေါ်နေတာ။ အထင်သေးတဲ့ သဘောလား။

ဖြေ- အဲဒီလိုတော့ မဟုတ်ဘူး ထင်ပါတယ်။ သူက ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားတဲ့အခါ အဲဒီ နယ်ပယ်မှာ နာမည်ရှိတဲ့ လက်ဝှေ့သမားနဲ့ ထိုးချင်တယ်ဆိုတဲ့ သဘောမျိုးပဲ ဖြစ်မယ် ထင်ပါတယ်။ ဒါက လက်ဝှေ့သမား အတော်များများမှာ ရှိတတ်တဲ့ စိတ်သဘောမျိုးပါ။ ဘယ်သူနာမည်ကြီးနေလဲ၊ထိုးကြည့်ချင်တယ် ဆိုတာမျိုးလို့ ထင်ပါတယ်။

မေး- လုံးချောကရော အဲဒီစိန်ခေါ်မှုနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားချက် ဖြစ်မိလဲ။

ဖြေ- ရိုးရာလက်ဝှေ့သမား ဖြစ်လာပြီဆိုရင် စိန်ခေါ်မှုတွေနဲ့ အမြဲတမ်း ရင်ဆိုင်နေရမှာပါပဲ။ ဆာမူကာဝါက စိန်ခေါ်လို့ဆိုပြီး ဒါကို ထူးထူးခြားခြား ခံစားမှုမရှိပါဘူး။ ဒါပေမယ့် တခြားပွဲတွေထက် စာရင်တော့ပိုပြီးဂရုစိုက်မိပါတယ်။

မေး- ဆာမူကာဝါ ထိုးသတ်တဲ့ပွဲကို စတားနဲ့ပွဲ မဟုတ်ဘဲ တခြားပွဲ ကြည့်ရတာမျိုးရောရှိလား။

ဖြေ- မနေ့ညနေက တစ်ပွဲကြည့်လိုက်ရပါတယ်။မွေထိုင်းပွဲထိုးထားတာပါ။ တံတောင်ရိုက်တာ အတော်ကောင်းပါတယ်။ ဘယ်ထောက် လက်သီးလည်း မြန်တယ်။ အဲဒီပွဲမှာ သူ့ပြိုင်ဘက် ထိုင်းလက်ဝှေ့သမားဟာ သူ့တံတောင်ရိုက်ချက်ကြောင့်ပဲ မျက်ခုံးကွဲပြီး ရှုံးသွားတာ တွေ့ရတယ်။

မေး- လုံးချောအတွက်ရော စိုးရိမ်စရာ သတ်ကွက်မျိုး သူ့ဆီမှာ တွေ့ရလား။

ဖြေ- ဒီတစ်ပွဲတည်းကြည့်ပြီး ပြောရင်တော့ စိုးရိမ်စရာမရှိဘူးလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် သူတို့က ပြိုင်ပွဲမျိုးစုံ ဝင်ပြိုင်ထိုးသတ်နေကြတာဆိုတော့ သူ့မှာ တခြားဘယ်လို သတ်လုံး သတ်ကွက်တွေ ရှိနေဦးမလဲဆိုတာ မပြောနိုင်ပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကျွန်တော့် ဆရာပြောထားသလို ပြိုင်ဘက်ကို အထင်မကြီးထားသလို အထင်လည်း မသေးထားပါဘူး။

မေး- ဆာမူကာဝါရဲ့ အဲဒီပွဲကိုကြည့်ပြီး ငါနဲ့တွေ့ရင် ဘယ်လိုပွဲသိမ်းလိုက်မယ်ဆိုတာမျိုး စိတ်ကူးပုံဖော်ကြည့်တာရှိလား၊ လုံးချောဆရာကရော သီးသန့်နည်းစနစ်၊ နည်းဗျူဟာ ချမှတ်ပေးလာတာရှိလား။

ဖြေ- အင်း… ဒါကတော့ စိတ်ကူးရတာမျိုးရှိတာပါပဲ။ ဘယ်လိုဆိုရင် ဘယ်လို လုပ်လိုက်မယ်ဆိုတာပေါ့၊ ဆရာကလည်း ပြောပြတာ သင်ပေးတာရှိပါတယ်။ ကြိုးဝိုင်းထဲရောက်ရင် သူရောကိုယ်ရောလှုပ်နေကြတာဆိုတော့ ကိုယ်လုပ်ချင်တာနဲ့ သူမှားသွားတာနဲ့ တိုက်ဆိုင်ရင် အလဲထိုး အဖြေထွက်တာပါပဲ။ တိုက်ဆိုင်မှုပေါ့၊ တိုင်ပင်ကိုက်တယ် ခေါ်မလား။ အဲဒါမျိုး ကြုံဖို့ လိုပါတယ်။ ဒါမျိုး ရနိုင်အောင်တော့ လေ့ကျင့်ထားတာပါပဲ။ ။

(မြန်မာ့အလင်း)

လုံးချော(ယာ)ကို ဆရာဦးဝင်းဇင်ဦး လေ့ကျင့်ပေးစဉ်။

(မြန်မာ့အလင်း)

စောငမန်း(ဝဲ)ကို ဆရာဦးတင်ဦး (အား/ကာ) လေ့ကျင့်ပေးစဉ်။

(မြန်မာ့အလင်း)

ကြယ်လင်းအောင် (ဝဲ)ကို ဆရာကျော်စိုး (ဘားအံ) လေ့ကျင့်ပေးစဉ်။

(မြန်မာ့အလင်း)

တွေ့မရှောင် (ဝဲ) ကို ဆရာကျော်စိုး (KLN) က လေ့ကျင့်ပေးစဉ်။

(မြန်မာ့အလင်း)

ကိုယ့်ဘက်က သက်လုံကောင်းဖို့ရယ်၊ လှုပ်ရှားမှု မြန်ဆန်နေဖို့ ရယ်ပါပဲ။ ပြိုင်ဘက် ဘယ်လိုလဲဆိုတာ ကြိုးဝိုင်းထဲရောက်ရင် အကဲခတ်ပြီး အဆင်သင့်သလို၊ အခွင့်အရေးရသလို လုပ်သွားမှာပါ။

စောငမန်း

ရိုးရာလက်ဝှေ့သမား ဖြစ်လာပြီဆိုရင် စိန်ခေါ်မှုတွေနဲ့ အမြဲတမ်း ရင်ဆိုင်နေရမှာပါပဲ။ ဆာမူကာဝါက စိန်ခေါ်လို့ဆိုပြီး ဒါကို ထူးထူး ခြားခြား ခံစားမှုမရှိပါဘူး။

လုံးချော

30-4 (10).pmd 1 4/30/2009, 2:14 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

ဟိုပင် ဧပြီ ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော အင်းလေး ခုနစ်မိုင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ်၂၇ရက် နံနက်၉နာရီက ခုနစ်မိုင်ရွာဦးရှိ အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်မင်းကို၊ မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် ဟိုပင်မြို့နယ် တာဝန်ခံ ဦးသိန်းထူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယခု ဖွင့်လှစ်သော အင်းလေး ခုနစ်မိုင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသည် အရှည်ပေ ၅၀၀၀၊ လမ်းအကျယ် ၁၂ပေရှိပြီး အဖွဲ့ပိုင်ငွေ ကျပ် ၂၁၃၂၀၀၀၀ အကုန်အကျခံ၍ ခင်းကျင်းခဲ့သော လမ်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာလိဂ် ပြိုင်ပွဲဝင်မည့်အသင်းများ ခြေစမ်းပွဲ ကမ္ဘောဇအသင်း မကွေး F.C ကို အနိုင်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၉

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်အသင်းများဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကိုယ်စားပြု ကမ္ဘောဇ F.C နှင့် မကွေးတိုင်း ကိုယ်စားပြု မကွေး F.Cတို့ ယနေ့ညနေ ၄နာရီက အောင်ဆန်းကွင်း၌ ခြေစမ်းကစားခဲ့ရာ ကမ္ဘောဇအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရသွားပါတယ်။

ကမ္ဘောဇ F.C - နှစ်ဂိုး
မကွေး F.C - တစ်ဂိုး

လာမယ့် မေ၆ရက်မှာ စတင်ကျင်းပမယ့် MNL Cup 2009 ဘောလုံးပြိုင်ပွဲမတိုင်မီ ပရိအသင်းအချင်းချင်း ခြေစမ်းကစားကြတဲ့ပွဲပဲ ဖြစ်ပါတယ်။ ကမ္ဘောဇအသင်းကတော့ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်အသင်းတွေနဲ့ ဒုတိယမြောက် ခြေစမ်းကစားတဲ့ ပွဲဖြစ်ပြီး ဧပြီ ၂၅ရက်ကလည်း Delta United နဲ့ ခြေစမ်းကစားခဲ့ပါသေးတယ်။ နှစ်သင်းစလုံးဟာ AFC Challenge Cup ဘောလုံးခြေစစ်ပွဲဝင် လက်ရွေးစင်အသင်းကို အမာခံကစားသမားအချို့ ပေးထားရသလို ပြိုင်ပွဲအတွက် ပြင်ဆင်ဆဲကာလဖြစ်လို့ အကောင်းဆုံးခြေစွမ်းနဲ့တော့ မကစားနိုင်ခဲ့ပါဘူး။

ကစားပုံ

ကမ္ဘောဇအသင်းဟာ Delta United နဲ့ ကစားခဲ့တဲ့ပွဲထွက် လူစာရင်းထဲက မင်းမင်းထွန်းနေရာမှာ စည်သူအောင်၊ ရဝေဇင်နေရာမှာ ဖြိုးမင်းမောင်၊ တင့်နိုင်ထွန်းသိန်းနေရာမှာ အောင်သန်းဝင်း၊ ညဏလွင် နေရာမှာ စိုးမင်းဦးတို့ကို ပြောင်းလဲခဲ့တာကလွဲရင် စိုးမြတ်မင်း၊ အောင်ကျော်ဦး၊ စထက်နိုင်ဝင်းတို့ ပါဝင်ခဲ့ကြသလို မကွေး F.C ကလည်း လွင်ဦး၊ စည်သူဝင်း၊ အောင်မြင့်အေးတို့နဲ့ အမာခံတွေကို ပွဲထုတ်ခဲ့ပါတယ်။ ကမ္ဘောဇအသင်းရဲ့ ကစားပုံဟာ Delta United နဲ့ ပွဲထက်ပိုကောင်းခဲ့ပြီး ဂိုးသွင်းခွင့်တွေရခဲ့ပါတယ်။ ၂၁မိနစ်မှာတော့ ကမ္ဘောဇအသင်း ဂိုးစရသွားပြီး အောင်ဝင်းနိုင် ကန်တင်ပေးတဲ့ ပြစ်ဒဏ်ဘောကို စထက်နိုင်ဝင်းက ခေါင်းတိုက် သွင်းယူခဲ့တာဖြစ်ပါတယ်။ ကမ္ဘောဇရဲ့ ဦးဆောင်မှုဟာ သိပ်မကြာလိုက်ဘဲ သုံးမိနစ်အကြာမှာ လက်ရွေးစင်ဟောင်း တိုက်စစ်မှူး စည်သူဝင်းက ခေါင်းတိုက်ပြီး မကွေးအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ ပွဲဟာအပြန်အလှန်ရှိလာပြီး မကွေးက ခိုင်ဇော်ထွန်းနဲ့ ကမ္ဘောဇက စိုးမြတ်မင်းတို့ အပိုင်ဂိုးသွင်းခွင့်တွေ့ရပေမယ့် လွဲချော်ခဲ့ကြပါတယ်။ ၇၃မိနစ်မှာ ကမ္ဘောဇအသင်းအနိုင်ဂိုးရသွားပြီး စထက်နိုင်ဝင်း ခေါင်းတိုက်ချပေးတာကို အသင်းခေါင်းဆောင် စိုးမြတ်မင်းက ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ မကွေး F.Cတရစပ် ဖိကစားလာခဲ့ပေမယ့် တိုက်စစ်မှူးတွေ ဂိုးပေါက်ပျောက်ခဲ့လို့ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နှစ်သင်းစလုံးဟာ MNL Cup ပြိုင်ပွဲမတိုင်မီ အကြိုခြေစမ်းပွဲတွေ ကစားနေတာဖြစ်ပြီး ကမ္ဘောဇက သုံးပွဲကစားရာမှာ ပထမဦးဆုံး နိုင်ပွဲရခဲ့ပြီး မကွေး F.C ကတော့ နှစ်ပွဲကစား နှစ်ပွဲရှုံးထားပါတယ်။

သူတို့ပါဝင်

ကမ္ဘောဇအသင်းမှာ **ဂိုး**-ဖြိုးမင်းမောင်၊ **နောက်တန်း**-စည်သူအောင်(မင်းမင်းထွန်း)၊ မျိုးမြင့်အောင်၊ အောင်ကျော်ဦး၊ အောင်ဝင်းနိုင်(ဇင်မင်းထွန်း)၊ **အလယ်တန်း**-နေဇော်ထက်၊ နေဝင်းအောင် (ထက်အောင်)၊ အောင်သန်းဝင်း (တင့်နိုင်ထွန်းသိန်း)၊ စိုးမင်းဦး၊ **ရှေ့တန်း**-စိုးမြတ်မင်းနဲ့ စထက်နိုင်ဝင်းတို့ ပါဝင်ကစားခဲ့ကြပြီး မကွေးအသင်းမှာ **ဂိုး**-ဟိန်းကျော်သူ၊ **နောက်တန်း**-ကျော်ကျော်မျိုး၊ ထွန်းထွန်းနိုင်၊ ဇော်မျိုးထွန်း၊ နိုင်လင်းထွန်း၊ **အလယ်တန်း**-လွင်ဦး၊ ဝင်းသူ(ဟိန်းဇာအောင်)၊ နန္ဒလင်းကျော်ချစ်(ထွန်းမင်းဦး) သိန်းသန်းဝင်း (ခိုင်ဇော်ထွန်း)၊ **ရှေ့တန်း**-အောင်မြင့်အေးနဲ့ စည်သူဝင်းတို့ ပါဝင်ကစားခဲ့ကြပါတယ်။ ။

(မြန်မာ့အလင်း)

ကာကွယ်

မကွေးတိုက်စစ်မှူး စည်သူဝင်း၏ ခေါင်းတိုက် ဂိုးသွင်းရန် ကြိုးပမ်းမှုကို ကမ္ဘောဇဂိုးသမား ဖြိုးမင်းမောင် ကာကွယ်စဉ်။ (မြန်မာ့အလင်း)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ဇွန် ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးနှင့် အလွတ်တန်းစာစီစာကုံးပြိုင်ပွဲကို ၂၀၀၉ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "Your Planet Needs You - Unite to Combat Climate Change" **"ဥတုရာသီတည်ငြိမ်ရေး၊ သင်လည်းပါဝင် လှုပ်ရှားပေး"**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အထူးလိုအပ်

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့လူသားတိုင်းအလေးထားရမည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း အထူးဂရုပြုမိကြစေရန်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်လာကြစေရန်၊ ကာဗွန်ဓာတ်ငွေ့များ လျော့ပါးသော ကမ္ဘာကြီးပေါ်တွင် သင့်တင့်မျှတကောင်းမွန်သော ရာသီဥတုဖြစ်လာစေရန်နှင့် အေးချမ်းစွာနေထိုင်နိုင်ကြစေရန်အတွက် ကာဗွန်ထုတ်လွှတ်မှုအနည်းဆုံးဖြစ်စေမည့် စွမ်းအင်(ဥပမာ-နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်)များကို အသုံးပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာရပ်ဆိုင်ရာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးတက်စေခြင်း၊ ကာဗွန်စုပ်ယူနိုင်သည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် စက်မှုနှင့် အခြားလုပ်ငန်းများမှ ကာဗွန်ထုတ်လွှတ်မှုများကို ကန့်သတ်ထိန်းချုပ်ခြင်းစသည့် လုပ်ငန်းဆောင်ရွက်မှုများဖြင့် ရာသီဥတုပြောင်းလဲလာမှု ပြဿနာများကို ကမ္ဘာ့နိုင်ငံများအားလုံး ပူးပေါင်းလက်တွဲတိုက်ဖျက်ကြရန် အထူးလိုအပ်နေသည်။

ဖိတ်ခေါ်ထား

ထိုသို့ဆောင်ရွက်သင့်သည့် လုပ်ငန်းအချက်အလက်များ အပါအဝင် မိမိတို့ ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော ဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ထိုက်တန်စွာချီးမြှင့်မည်

ဆောင်းပါးများကို A-4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၁၀မျက်နှာတွင်လည်းကောင်း၊ စာစီစာကုံးများကို A-4 ဆိုဒ်စာမျက်နှာ အနည်းဆုံးခုနစ်မျက်နှာတွင်လည်းကောင်း ကွန်ပျူတာဖြင့် (Win -Innwa Font Size 17 သို့မဟုတ် Myanmar Unicode Myanmar 2 Font size 17၊ Line Spacing 1.5 Lines) စာစီရေးသားပေးပို့ကြရန်ဖြစ်သည်။ ဆုရရှိသူများအား နေပြည်တော်တွင် ကျင်းပမည့် ၂၀၀၉ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင် ဆောင်းပါးနှင့် စာစီစာကုံးများကို ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့နှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာ ဝန်ကြီးဌာန ရုံးအမှတ်-၂၈ နေပြည်တော်သို့ မေ ၂၂ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၇ ရက် (အဖိတ်နေ့)
၃၀-၄-၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အကပဒေသာ
၈:၀၅ ၆။ ယုံကြည်အားထား စက်မှု(၁) ဆပ်ပြာများ
၈:၂၀ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၀ ၉။ အဆိုပြိုင်ပွဲ
၈:၅၀ ၁၀။ **မြူတိမ်ကင်းသောနေ့** ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံ
၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ အတီးပြိုင်ပွဲ
၅:၂၅ ၈။ တေးဂီတအစီအစဉ်
၅:၄၀ ၉။ **လူကူးမျဉ်းကျားမှ ကူးမယ် ဘီ**
၅:၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၁၅ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အလိုလိုက်ခြင်းနည်း** စိုးရန်အောင်၊ ညီထက်၊ ရွှေစင် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၅၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်** (အပိုင်း-၅)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ (လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၁၈)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၈)
၂၁။ အစီအစဉ်ပြီး၏။

အလုပ်သမားနေ့နှင့် ကဆုန်လပြည့်နေ့တို့တွင် လော်ကားဥယျာဉ် ဖွင့်ထားမည်

ရန်ကုန် ဧပြီ ၂၉

သစ်တောဦးစီးဌာနလော်ကား ဥယျာဉ်ကို မေ ၁ရက် (အလုပ်သမားနေ့)နှင့် မေ ၈ရက် (ကဆုန်လပြည့်နေ့)တို့တွင် ပြည်သူများ စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးစိုးလွင်-ဒေါ်မိမိဆန်းတို့၏ သား

ဗိုလ်ကြီးရဲဟိန်းဇော် B.A(Geo), (D.S.A), D.L(Y.U)

နှင့်

ဘိုကလေးမြို့နေ၊ ဒေါ်အမာ (ရှုံးဟိန်းအထည်ဆိုင်)၏ မြေး၊
ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးရဲထွဋ်အောင် (လက်ထောက်ဦးစီးမှူး၊
ပြည်တွင်းအခွန်များဦးစီးဌာန၊ ဒဂုံမြို့နယ်)-ဒေါ်သီတာခိုင်တို့၏
တစ်ဦးတည်းသော သမီး

မရဲသီတာထွဋ်

B.Sc (Zoology)

တို့၏ ၂၈-၄-၂၀၀၉ရက် (အင်္ဂါနေ့)တွင် မင်းကွန်းတိပိဋကရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစစအရာရာ ကူညီပေးပါသော မိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရဲဟိန်းဇော်-မရဲသီတာထွဋ်။

စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဉာဏ်ထွန်း(ဒု-လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စက်မှုစီမံကိန်းဦးစီးဌာန)နှင့်
ပါမောက္ခ ဒေါက်တာကြည်ကြည်အောင်(ဌာနမှူး၊ ငြိမ်း၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်)
တို့၏ သားလတ်

မောင်ဝင့်သော်ဉာဏ်

Bachelor of IT(Computing), University of Wollongong, Australia.
Project Manager, STERIA Asia Pte. Ltd., Singapore

နှင့်

ရန်ကုန်မြို့နေ ဦးမောင်မောင်ရီ(အထွေထွေမန်နေဂျာ၊ စီမံကိန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)-
ဒေါ်ကြီးကြီးစိုး(အဖွဲ့ခွဲမှူး၊ငြိမ်း၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)
တို့၏တစ်ဦးတည်းသောသမီး

မရီစန္ဒီစိုး

B.Sc(Hons) Business Information Technology,
University of Central England, Birmingham.
Manager, Enterprise Information Services, OCBC Bank, Singapore

တို့၏ ၂၅-၄-၂၀၀၉ရက် Sedona Hotel (Grand Ballroom) ၌ ကျင်းပသော ထိမ်းမြားမင်္ဂလာပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဇနီးဒေါ်နီနီဝင်း၊ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီးတို့အားလည်းကောင်း၊ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးပါသော တရားရုံးချုပ် တရားသူကြီး ပါမောက္ခ ဒေါက်တာတင်အောင်အေးနှင့် ဇနီးဒေါ်ခင်ဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် ဇနီး ဒေါ်တင်တင်ဝင်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀-၄-၂၀၀၉ရက် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးသော ဒေါ်အေးအေးခိုင်(ရွှေဘုရင်စိန်ရတနာ)၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေး သီဆိုပေးသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးဂီတ ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မဝင့်ဝေဝေဟန်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မခန့်ခန့်သိန်း၊ သတို့သားအရံ မောင်မင်းစည်သူ၊ မောင်ကျော်ဇောဟိန်း၊ သတို့သမီးအရံ ဒေါက်တာအိသဉ္ဇာလွင်၊ဒေါက်တာမေစုဇော်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော Designer ပြည်စိုးအောင်၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ပန်းအလှဆင်ပေးသော မနီလာနှင့်အဖွဲ့ (Eternal Flowers)၊ ဗီဒီယိုဓာတ်ပုံဖြင့် မှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ ၂၅-၄-၂၀၀၉ရက် Mya Yeik Nyo Royal Hotel ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်ဆွေမျိုး၊ သူငယ်ချင်းများ၊ တေးဂီတနှင့်ဖျော်ဖြေပေးသော Prize Music Band အားလည်းကောင်း၊ ၂၈-၁၂-၂၀၀၈ရက် Traders Hotel (တကောင်း-ကုန်းဘောင်ခန်းမ)၌ကျင်းပသော စေ့စပ်ပွဲတွင် မင်္ဂလာကမ်းလှမ်းစကားပြောကြားပေးသော ဇေယျကျော်ထင် ဗိုလ်မှူးကြီးသက်ဝေ(ငြိမ်း)၊ မင်္ဂလာလက်ခံစကား ပြောကြားပေးသော အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ မဟာသဒ္ဓမ္မဇောတိကဓဇ၊ စည်သူတံဆိပ်ရ သီရိပျံချီ၊ စည်သူ၊ သရေစည်သူ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)၊ စေ့စပ်လက်စွပ်ဆင်မြန်းပေးပါသော မြန်မာနိုင်ငံနည်းပညာ ပညာရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ဆွေနှင့် ဇနီး ပါမောက္ခဒေါ်မြင့်မြင့်ခိုင်အားလည်းကောင်း၊ Traders Hotel, Mya Yeik Nyo Royal Hotel နှင့် Sedona Hotel တို့မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်မှ ကူညီပံ့ပိုးပေးခဲ့သောသူများအားလည်းကောင်း၊ မင်္ဂလာပွဲပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသောသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင့်သော်ဉာဏ်-မရီစန္ဒီစိုး။

ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် မိုးရာသီ ဘဏ်ချေးငွေထုတ်ချေးရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရန်ကုန်တိုင်း၏ ၂၀၀၉ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို တောင်သူများထံ စိုက်ပျိုးချိန်အမီထုတ်ချေးပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးတင်လွှမ်းက မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ရုံးချုပ်မှတိုင်းတာဝန်ခံများ၊ ရန်ကုန်တိုင်းမန်နေဂျာ ဦးဉာဏ်ဝင်းနှင့် မြို့နယ် မန်နေဂျာများက တောင်သူများထံ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးမည့် အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၁၂ခုမှ ယခုနှစ်တွင် မိုးရာသီဘဏ်ချေးငွေ ကျပ် ၉၆၆၉၃သမ၆၄သန်းကို ဇွန်လကုန်တွင် အပြီးထုတ်ချေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း ဒေသဖွံ့ဖြိုးရေးစစ်ဆေး

နေပြည်တော် ဧပြီ ၂၉

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် ဧပြီ၈ရက်တွင် ထန်တလန်မြို့နယ် ထန်ဇန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး လုံလဲရ်-ရာပဲလ် ကျေးရွာချင်းဆက်လမ်းကို စစ်ဆေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဧပြီ၉ရက်တွင် လုံလဲရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ ဧပြီ ၁၁ ရက်တွင် ဝေါင်သူး ကျေးရွာ လာအော်ချောင်းဘေး ခန်ပီ၊ ခန်သေးရပ်ရှိ လယ်ရိုင်းလယ်မြေတူးဖော်ရန်နှင့် ငုတ်ဖားချောင်းရေသွယ်မှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး ဆန်၊ ဆီ၊ ဆားနှင့်မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ဝက်တုပ်ကွေးရောဂါ SWINE FLU သတိပေးနှိုးဆော်ချက်

၁။ **လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါ။** ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ၂၅ရက်အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ(Swine Flu)သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူပေါင်း ၁၃၀၀ ကျော်တွင် ရောဂါဖြစ်ပွားပြီး လူ ၈၀ ကျော် သေဆုံးခဲ့ပါသည်။

၂။ **ဝက်၌ တွေ့ရှိရသော ဝက်တုပ်ကွေးရောဂါသဏ္ဌာန်လက္ခဏာများ။** ဝက်၌ တုပ်ကွေးရောဂါဖြစ်ပွားပါက ရုတ်တရက်ဖျားနာခြင်း၊ ငေးမှိုင်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်၊ မျက်ရည်ကျခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်း၊ မျက်လုံးနီခြင်း၊ ရောင်ခြင်း၊ အစာမစားခြင်း စသည့် တုပ်ကွေးလက္ခဏာများ တွေ့ရှိရကြောင်း၊ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်တတ်သော အအေးမိခြင်းနှင့် အခြား ဝက်ဖျားနာရောဂါများတွင်လည်း ဤရောဂါလက္ခဏာ တွေ့ရှိရကြောင်း။

၃။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လိုက်နာဆောင်ရွက်ရန်အချက်များ-**

(က) ဝက်များ၌ ဖျားနာရောဂါလက္ခဏာများတွေ့ရှိပါက လူများနှင့် နီးစပ်မှုမရှိစေဘဲ သီးခြားထားရှိရန်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတင်းပို့ရန်။
(ခ) စီးပွားဖြစ် ဝက်ကောင်ရေများများ မွေးမြူသည့်လုပ်ငန်းများ၌ ဇီဝလုံခြုံရေးမြှင့်တင် မွေးမြူသွားရန်။
(ဂ) ဝက်ခြံလုပ်ငန်းဆောင်ရွက်ပြီးတိုင်း ခြေ/လက်သန့်ရှင်းရေး စနစ်တကျစင်ကြယ်အောင် ဆေးကြောရန်။
(ဃ) မကျန်းမာသောဝက်များ ပြုစုစောင့်ရှောက်သည့်အခါ နှာခေါင်း၊ ပါးစပ်အကာ၊ လက်အိတ်များ အသုံးပြု ကိုင်တွယ်သွားရန်။
(င) မကျန်းမာသော ဝက်များအား စျေးကွက်သို့ ရောင်းချခြင်း မပြုရန်။
(စ) မူရင်းဇာစ်မြစ်မသိသော ဝက်များကို မွေးမြူခြင်းမပြုရန်၊ အထူးသဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ဝက်များကို မွေးမြူခြင်း မပြုရန်။
(ဆ) ဝက်သားနှင့် ဝက်သားထွက်ပစ္စည်းများ သေချာစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါမကူးစက်နိုင်ကြောင်း၊ အပူရှိန် ၇၀˚C အထက် ချက်ပြုတ်ထားပါက ဗိုင်းရပ်စ်သေဆုံးနိုင်ပါကြောင်း။

၄။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး။** မြန်မာနိုင်ငံအတွင်း ဝက်များ၌ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု မရှိပါသဖြင့် တစ်နိုင်ဝက်မွေးမြူသူများ၊ စီးပွားဖြစ် ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြုပြင်ထုတ်လုပ်ရောင်းချသူများသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စည်ပင်သာယာရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတို့နှင့် ဝက်တုပ်ကွေးရောဂါမဖြစ်ပွားရေး၊ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်သွားပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးသတိပေး နှိုးဆော်ချက်

၁။ ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ၂၅ရက်အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့်နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ (Swine Flu) သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူပေါင်း ၁၃၀၀ကျော်တွင် ရောဂါဖြစ်ပွားပြီး လူ၈၀ကျော် သေဆုံးခဲ့ပါသည်။

၂။ ယခု ဖြစ်ပွားနေသောရောဂါသည် ဗိုင်းရပ်စ်ပိုးအသစ်တစ်မျိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ဗိုင်းရပ်စ်မျိုးရိုးဗီဇ လေးမျိုးပေါင်းထားသော ပိုးအသစ်ဖြစ်သဖြင့် ကျယ်ပြန့်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။ ယခုအခါ နိုင်ငံအချို့တွင် ဖြစ်ပွားလျက်ရှိကြောင်းနှင့် ဤရောဂါကို နိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကြက်၊ ငှက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ကူးစက်မှုမရှိစေရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ အခြားနိုင်ငံများတွင် ဝက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ရောဂါကူးစက်မှုရှိလာသဖြင့် အဆိုပါရောဂါ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်ပျံ့နှံ့ခြင်း မရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဝက်တုပ်ကွေးရောဂါ (Swine Flu)၏ လက္ခဏာများသည် ကိုယ်ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေချောင်းဆိုးခြင်း၊ ကိုယ်လက်မအီမသာဖြစ်၍ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူကျပ်ခြင်းတို့ဖြစ်ပြီး အခြားသော တုပ်ကွေးရောဂါလက္ခဏာများနှင့်လည်း တူညီပါသည်။ ထိုရောဂါလက္ခဏာများဖြစ်ပွားပါက လုပ်ငန်းခွင်၊ ကျောင်း စသည့် လူစုလူဝေးနေရာများသို့ မသွားရောက်ဘဲ မိမိတို့နေအိမ်တွင်သာ အနားယူရန်၊ လိုအပ်လျှင် နီးစပ်ရာကျန်းမာရေးဆေးခန်းများသို့ ဆက်သွယ်၍ ကုသမှုကို ခံယူရန်၊ အဖျားကြီးခြင်း၊ ချောင်းဆိုးကြာရှည်ခြင်း၊ အသက်ရှူခက်ခဲ၍ မောပန်းခြင်း စသည့် ရောဂါပြင်းထန်သော လက္ခဏာများ ခံစားရပါလျှင် ဆေးရုံသို့ ချက်ချင်းပြသ၍ ကုသမှုခံယူရန်၊ ဆေးရုံ၊ ဆေးခန်းများသို့ ကုသရန်သွားရောက်ရာတွင်လည်း အခြားလူများသို့ ကူးစက်မှုမှ ကာကွယ်ရန်အတွက် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ရန် လိုအပ်ပါသည်။

၄။ ဤရောဂါသည် လူမှလူသို့ ကူးစက်လျက်ရှိသည်ကို တွေ့ရပါသဖြင့် ယခင် ဆားစ်အဆုတ်ရောင် ရောဂါဖြစ်ပွားသကဲ့သို့ ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်ပြီး ကပ်ရောဂါအသွင်သို့ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ကျင့်သုံးကြရန် နှိုးဆော်အပ်ပါသည်-

(က) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း။
(ခ) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း။
(ဂ) တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း။
(ဃ) ကောင်းစွာ အိပ်စက်အနားယူခြင်း။
(င) အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း။
(စ) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။
(ဆ) လေကောင်းလေသန့် ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း။

၅။ တုပ်ကွေးရောဂါဖြစ်ပွားသူများနှင့် ရောဂါဖြစ်သည်ဟု သံသယရှိသူများသည် အခြားလူများသို့ ရောဂါကူးစက်မှုအား ကာကွယ်နိုင်ရန်လည်းကောင်း၊ လူနာအား စောင့်ရှောက်သူများသည် မိမိတို့ထံ ရောဂါကူးစက်ခြင်း မရှိစေရန်လည်းကောင်း နှာခေါင်းနှင့် ပါးစပ်တို့ကို ဖုံးအုပ်နိုင်သည့် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ကြရန် လိုအပ်ပါသည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါတုပ်ကွေးရောဂါ အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ ကူးစက်ရောက်ရှိမလာစေရေးနှင့် တုပ်ကွေးရောဂါဖြစ်ပွားပါကလည်း လိုအပ်သောဆေးကုသရေးများအတွက် ဆောင်ရွက်ထားရှိပါသည်။ နိုင်ငံအချို့၌ ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိရန် အချက်အလက်များကို လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆက်လက်အသိပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

နှစ်(၃၀)ပြည့် မင်္ဂလာဆုပန်လွှာ

ချစ်သောဖေကြီး **ဦးချစ်ခင်** နှင့် ချစ်သောမေကြီး **ဒေါ်တင်ဆန်း** တို့၏ ၃၀-၄-၂၀၀၉ရက်တွင်ကျရောက်သော ချစ်သက်နှစ်ပေါင်း(၃၀)ပြည့် မြောက်သော အခါသမယမှစ၍ နောင်ချစ်သက်နှစ်ပေါင်း ရာပြည့်ကျော်သည့် တိုင်အောင် အိုလည်းမခွာ၊ နာလည်းမခွဲ ချစ်သစ္စာမြဲနိုင်ကြပါစေ။ ချစ်သော သား၊သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝပိုင်ရှင်များ ဖြစ်ကြပါစေလို့ ညီညာဖြဖြ ဆုမွန်ခြွေလိုက်ကြပါကြောင်း-

ချစ်သားကြီး - **ဇော်ရဲနိုင်(ကျော်စိုးစံသစ် ရောင်းဝယ်ရေး)**
ချစ်သမီးကြီး - **မောင်အောင်နိုင်စိုး(ခေတ္တ-UK)-**
မမေသူဇာချစ်(ခေတ္တ-UK)
ချစ်မြေး - **Tiffany Chit Soe.**
ချစ်သမီးလတ် - **လင်းလင်းထက်(ခေတ္တ-UK)**
ချစ်သမီးငယ် - **ဖြိုးဖြိုးရတနာဌေး။**



Design နှင့်စက်ချုပ်ပညာသင်ကြားနေသူများ၏ တောင်းဆိုချက်အရ

Design နှင့်စက်ချုပ်ပညာဆွေးနွေးပွဲ New Fashion Designer Groupမှ ကြီးမှူး၍ ဝါရင့်ဒီဇိုင်းပညာရှင် ဦးတင်တိုးမှလူတိုင်းဝတ်စားဆင်ယင်မှု ဒီဇိုင်းပညာကို သိသင့်သည်ဆိုသည့် ခေါင်းစဉ်ဖြင့် နိုင်ငံတကာအဆင့်မီ ဒီဇိုင်းနှင့်စက်ချုပ်ပညာ ဆွေးနွေးပွဲသို့ အဝတ်အစားဒီဇိုင်းပညာ ဝါသနာပါသူ မည်သူမဆို(အခမဲ့) တက်ရောက်နိုင်သည်။လူဦးရေကန့်သတ်ထား၍ ကြိုတင်စာရင်း ပေးသွင်းပါ။

ကျင်းပမည့်အချိန်-
9-5-2009 PM 2:00 to 5:00
10-5-2009 AM 9:00 to12:00

ကျင်းပမည့် နေရာ- No.60, 13th Street,Lanmadaw Township.
ဖုန်း-၀၁-၂၂၇၀၉၆၊၀၉-၅၀-၆၅၅၆၉။

နာဂစ်တစ်နှစ်ပြည့် အထိမ်းအမှတ်ပြပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

နာဂစ်တစ်နှစ်ပြည့် အထိမ်းအမှတ်ပြပွဲကို မေ ၂ရက် ညနေ၆နာရီမှ ၈နာရီခွဲအထိ ရန်ကုန်မြို့ အလုံပြ ဘုရားလမ်းရှိ Park Royal Hotel Grand Ballroom ၌ ကျင်းပမည် ဖြစ်သည်။ အဆိုပါ အထိမ်းအမှတ်ပွဲ ဖြစ်မြောက်ရေးအတွက် မင်္ဂလာမြန်မာ ဖုန်း-၀၁-၅၄၄၄၈၂၊ ရတနာ့မေတ္တာ ဖုန်း-၀၁-၃၇၅၃၄၅နှင့် Myanmar NGO Network (MNN) ဖုန်း-၀၁-၅၃၇၈၈၈ တို့က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး နာဂစ် လေဘေးအတွက် ပါဝင်ကူညီခဲ့သူများ အားလုံး မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောက်ပမှို၏

မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ထားဝယ်မြို့နေ(ဦးချင်းဟို)-(ဒေါ်စောကျင်)
တို့၏သား

မောင်ချွမ်စိန်(ခ) TRAVIS Chwan Sein

နှင့်

ထားဝယ်မြို့နေ (ဦးလှဒင်)-ဒေါ်သင်းမြ
တို့၏သမီး

မအေးအေးနု B.A(Geo;), PGDMA
JAT. အထက(၃) ထားဝယ်

တို့သည် ၂၂-၄-၂၀၀၉ရက်တွင် ရန်ကုန်တိုင်းတရားရုံးဦးစီးအရာရှိ ဒေါ်ချိုချိုဝင်း၏ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး ထိမ်းမြားလက်ထပ်ရာတွင်လည်းကောင်း၊ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ မင်္ဂလာဦးဆွမ်းကပ်လှူဒါန်းရာ၌လည်းကောင်း၊ ၂၇-၄-၂၀၀၉ရက်တွင် Western Park Restaurant ၌ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာလက်စွပ်နှင့်မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးတို့အားလည်းကောင်း၊ မင်္ဂလာပွဲအခမ်းအနား ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော HOTEL GLORY မှ ဝန်ထမ်းများ အားလည်းကောင်း၊ ရတနာဆင်မြန်းပေးသူ ဆရာဦးကိုကိုကြီး နှင့် ဆရာမ ဒေါ်ခင်ရီတို့အားလည်းကောင်း၊ မိတ်ကပ်အလှပြင်ဆင်ပေးသောစိုးအောင် B.Sc(Phy;)အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်း များအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မောင်ချွမ်စိန်-မအေးအေးနု။

ဇနီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်း ကြော်ငြာခြင်း

မကွေးမြို့ တောင်တွင်းလမ်း၊ အောင်စေတနာ(စီ)ရပ်ကွက်နေ ကျွန်တော် ဦးအောင်ကျော်နိုင် ၉/လဝန(နိုင်) ၁၁၈၁၅၃ ၏ ဇနီး ဒေါ်အေးအေးသင်း ၁၂/သခန(နိုင်)၁၁၅၀၀၇သည် ခွင့်မလွှတ်နိုင်သော ငွေရေးကြေးရေးကိစ္စများ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝ အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးအောင်ကျော်နိုင်
၉/လဝန(နိုင်) ၁၁၈၁၅၃။



ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၁၆၊ တတိယလွှာ၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ဖုန်း-၅၀၄၇၅၀၊ ၀၉-၅၀၀၄၀၃၃၊

Open (7:00 AM to 9:00 PM) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊သူနာပြုအုပ်(အငြိမ်းစား)များဦးစီးသည်။
- အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ် ထုတ်ပေး၍ သင်ကြားမည်။
- ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ သင်တန်းဆင်း သက်သေခံ အောင်လက်မှတ် ထုတ်ပေးမည်။
- သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။
- သက်သာသောနှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။ သင်တန်းအပ် လက်ခံနေပြီ။
- တန်းခွဲသစ်တစ်ခုလျှင် ၁၅ဦးသာ သတ်မှတ်ထားသည်။

နှစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်တည်းသာ)

အပတ်စဉ် (၇၇၇) ၂-၅-၂၀၀၉ ရက် စမည်။ စနေနှင့် တနင်္ဂနွေ
အပတ်စဉ် (၇၇၈) ၅-၅-၂၀၀၉ ရက် စမည်။ အင်္ဂါနှင့် ဗုဒ္ဓဟူး

သုံးလပြတ် အထူးသင်တန်း (တစ်ပတ်တစ်ရက်တည်းသာ)

အပတ်စဉ် (၇၇၉) ၃-၅-၂၀၀၉ ရက်စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ

တစ်လပြတ် အထူးသင်တန်းများ (တစ်ပတ် ၅ ရက်)

အပတ်စဉ် (၇၈၀) ၄-၅-၂၀၀၉ ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
အပတ်စဉ် (၇၈၁) ၇-၅-၂၀၀၉ ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
Section (1) 09:00 AM to 12:00 PM
Section (2) 01:30 PM to 04:30 PM
Section (3) 06:00 PM to 08:00 PM

(၁၀)ရက်အပြီး အထူးသင်တန်း

အပတ်စဉ် (၇၈၂) ၆-၅-၂၀၀၉ရက်မှ ၁၅-၅-၂၀၀၉ ရက်အထိ။
09:00 AM to 04:30 PM

မန္တလေးမြို့တည်နန်းတည်နှစ်(၁၅၀)ပြည့်ပွဲတော်ကြီး၊ ကုန်စည်ပြပွဲနှင့်ဈေးပွဲတော်

နှစ်(၁၅၀)ပြည့်ပွဲတော်ကွင်း၊ မန္တလေးမြို့။ (၁၄. ၅.၂၀၀၉) မှ (၁၈. ၅.၂၀၀၉)

တာချီလိတ်၌ ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ဆွေးနွေးပွဲကျင်းပ

တာချီလိတ် မေ ၁၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကြက်ငှက်တုပ်ကွေးဆိုင်ရာ ကြိုတင်စီစဉ်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ် ဆောင်ရွက်မှုများ ဆွေးနွေးပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် FAOမှ (Chief Technical Advisor)Dr. Murray Maclean က မြန်မာနိုင်ငံဒေသအတွင်း ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါ အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ရှေ့လုပ်ငန်းစဉ်များကို ဒေသအာဏာပိုင် ပါဝင်သော ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေး ကော်မတီမှ အစီအစဉ်ချမှတ်ဆောင်ရွက်ထားရန်တို့ကို ဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး National Project Director ဒေါက်တာသန်းထွန်းက အိမ်နီးချင်းနိုင်ငံများက ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံနယ်စပ်ဒေသတွင်လည်း ချမှတ်ထားသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ကိုင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြတ်ဆရာပူဇော်ပွဲ စဉ့်ကူးမြို့၌ကျင်းပ

စဉ့်ကူး မေ ၂၃

(၂၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ၇ရက်(မြန်မာနှစ်ဆန်းတစ်ရက်) နံနက် ၈ နာရီက စဉ့်ကူးမြို့ အမှတ်(၂) ရပ်ကွက်ရှိ သက်တော်ရှည်ဆရာကြီး ဦးသောင်းကို၏ နေအိမ်၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဦးသောင်းကို၏ မိသားစုဝင်များနှင့် ဆရာကြီး၏ တပည့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာကြီးဦးသောင်းကိုက တပည့်များအား ဆုံးမသြဝါဒများ ပြောကြားကာ မေတ္တာများ ပို့သပေးသည်။ ထို့နောက် ဆရာကြီးအား တပည့်ကျောင်းသားကျောင်းသူဟောင်းများက ငွေနှင့်ပစ္စည်းများဖြင့်ကန်တော့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တရားစခန်းသိမ်းအောင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဗေယျမင်္ဂလာပရိယတ္တိ စာသင်တိုက်၌ တတိယအကြိမ်မြောက် မဟာစည်ဝိပဿနာ (၁၀)ရက်တရားစခန်းကို ဧပြီ ၁၂ရက်မှ ၂၁ရက်အထိ ကျင်းပခဲ့ပြီး စခန်းသိမ်းအောင်ပွဲကို ဧပြီ ၂၁ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါ စာသင်တိုက်၌ ကျင်းပရာ ကျောင်းတိုက်ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒက စခန်းသိမ်းသြဝါဒစကားဟောကြား ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော (၈)ရပ်ကွက် ခတ္တာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၆ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်တိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ချောခင်း

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း၊ တာဝန်ခံအင်ဂျင်နီယာဦးဝင်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ ဦးစိုင်းကျော်ဟန်ထူးတို့ မတ်၁၂ရက်က ဆောင်ကောလီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မျက်စိ အတွင်းတိမ်လူနာများ အခမဲ့ ခွဲစိတ်ကုသပေးမည်

မန္တလေး ဧပြီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးခေါင်းဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးတွင် မေ ၄ရက်မှ ၆ရက်အထိ မျက်စိအတွင်းတိမ်လူနာများအား အခမဲ့ ခွဲစိတ်ကုသပေးမည် ဖြစ်သည်။

မျက်စိရောဂါရှိသူ လူနာများအနေဖြင့် မန္တလေးမြို့ (၂၃)လမ်း ၈၀×၈၁ လမ်းကြား မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆေးရုံကြီးတွင် မေ ၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မန္တလေးကိုယ်ပွား)

မူဆယ်မြို့နယ် အတွင်းကျေးလက်နေ ပြည်သူများ သန့်ရှင်း သောသောက် သုံး ရေ ရရှိရေး အတွက် စက်ရေတွင်းခုနစ်တွင်း တူးဖော်လျက်ရှိရာ နမ့်ဟွိုင်ကျေးရွာ စက်ရေတွင်း တူးဖော်သည့် လုပ်ငန်း ပြီးစီး၍ ရေမှတ်သန့်စင် တူးဖော်ဆောင် ရွက် မှု ကို မတ် ၈ ရက်က အင်ဂျင်နီယာမှူး ဦးတင်ကိုကိုကြည့်ရှု စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကြည်လွင်က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

နေခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်မျိုးစုံပေးအပ်လှူဒါန်းပွဲ လက်ပံတန်း၌ကျင်းပ

လက်ပံတန်း ဧပြီ ၂၈

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကိုင်းတောစုကျေးရွာ နေခြည်ဦးစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဧပြီ ၂၆ ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေမျိုးသန်းနှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်လှတို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေး

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာငှားစနစ် ပီပြင်စွာဖြစ်ပေါ်ရေးဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် ကျေးရွာအုပ်စုဥက္ကဋ္ဌက စာကြည့်တိုက် ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းတင်ပြကာ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက စာအုပ် ၁၀၀၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းရီက စာအုပ်၊ မဂ္ဂဇင်း အုပ်၅၀၊ မြို့နယ်ကုန်သွယ်လယ်ယာမန်နေဂျာ ဦးမြင့်အောင်က ဂျာနယ်မဂ္ဂဇင်း ၅၅အုပ်၊ ဦးစိန်ဝင်းမိသားစုက စာအုပ်မျိုးစုံအုပ် ၁၇၀ နှင့် ကိုင်းတောစုကျေးရွာ မူလတန်းကျောင်းအုပ် ဆရာကြီး ဦးသိန်းမြင့်မိသားစုက ကျပ် ၅၀၀၀တန် ရေဒီယိုတစ်လုံး လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ **(တိုင်း ပြန်/ဆက်)**

မြို့နယ် သတင်းများ

ရေစက်ရုံ

ဘောလခဲမြို့ ရေ ပေးဝေရေး ရေ စက် ရုံ ကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းယဉ် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးစောရန်နိုင်မိုး က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သောနေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ရေကို ကျိုချက်၍သောက်ပါ။
- ယင်နားစာများ မစားပါနှင့်။
- ယင်လုံအိမ်သာ အသုံးပြုပါ။
- အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

DISTINCT
Educare
Preschool
Discount Available "MAY" only
Eng Math Manner Social Study Phonics
Air-Conditioned Classroom Kids' Library Indoor Playground
Tel : 388-206, 09512-7879 E-mail : distinct@myanmar.com.mm

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၀၉ ခုနှစ် မေလ ၁ရက်နေ့ (ကမ္ဘာ့အလုပ်သမားနေ့)နှင့် မေလ ၈ရက်နေ့ (ကဆုန်လပြည့်နေ့)များတွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မီးမလောင်ခင် သတိယှဉ် ဆင်ခြင်သတိအမြဲရှိ

အမည်ပြောင်း

အဖဦးကျော်စိုးဦး၏သား အမက(၁) ဗဟန်း ပထမတန်းမှ မောင်လင်းထက်ကျော်အား မောင်ညီခန့်ချောဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ညီခန့်ချော။**

ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၉-၂၀၁၀ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

(က) အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာသင်တန်း
(ခ) အသုံးချစိတ်ပညာဒီပလိုမာသင်တန်း
(ဂ) အသုံးချရူပဗေဒဒီပလိုမာသင်တန်း
(ဃ) ရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်း
(င) ကုန်ထုတ်ဓာတုဗေဒဒီပလိုမာသင်တန်း
(စ) စာကြည့်တိုက်နှင့် သုတပညာဒီပလိုမာသင်တန်း
(ဆ) မနုဿဗေဒဒီပလိုမာသင်တန်း
(ဇ) လူမှုရေးပညာဘွဲ့လွန်ဒီပလိုမာသင်တန်း

၂။ အထက်ပါ ဒီပလိုမာဘွဲ့သင်တန်းများကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) သင်တန်းကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာဘာသာရပ်ဌာနများတွင် စုံစမ်းနိုင်ပါသည်။

၄။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၀၉ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊
မော်ဘီကျေးရွာ
အမှတ်(၉၇)နေ ဦးလှသန်း-ဒေါ်အေးချစ်တို့၏
သားကြီး
မောင်စိုးမင်း B.E(Mechanical)
နှင့်
ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊
အောင်ဆန်းစဥ့်ပူ ၅ ခန်းတွဲ ရပ်ကွက်
(၃)လမ်း၊ အမှတ်(၇၉)နေ
ဦးမျိုးသန့်-ဒေါ်စိန်ရင်တို့၏ သမီးလတ်
မစန္ဒာလွင် B.Sc(Chemistry)
A.G.T.I (Food and Chemical)
တို့သည် နှစ်ဖက်သောမိဘတို့၏ သဘောတူခွင့်ပြုချက်အရ စင်ကာပူနိုင်ငံတွင် ၁၉-၄-၂၀၀၉ရက်က လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးမင်း-မစန္ဒာလွင်။

စာပေဟောပြောပွဲ ပုဏ္ဏားကျွန်းမြို့၌ကျင်းပ

ပုဏ္ဏားကျွန်း ဧပြီ ၂၆

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အထက မဟာပညာကျော်ခန်းမ၌ ဧပြီ ၂၀ရက် နံနက်၉နာရီက စာပေဟောပြောပွဲကို ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)က "လူဖြစ်ရတဲ့ရည်ရွယ်ချက်" ခေါင်းစဉ်ဖြင့် ဟောပြောပြီး စာရေးဆရာလယ်တွင်းသားစောချစ်က "ဘဝမှစာ စာမှဘဝ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အောက်ပုံ)**

တက်ရောက်

စာပေဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေး ဟောပြောပွဲ မော်လမြိုင်၌ကျင်းပ

မော်လမြိုင် ဧပြီ ၂၆

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားမှုဖြင့် ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် (စစ်ဆေးရေး) တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေး ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မော်တော်ယာဉ်ဥပဒေများ တိတိကျကျ လိုက်နာစေရေးအတွက် ဧပြီ၉ရက်က မော်လမြိုင်မြို့နယ် နောင်ခရီကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ မော်လမြိုင်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆိုင်ကယ်ပိုင်ရှင်များ၊ မောင်းနှင်သူများ၊ ဆိုင်ကယ်ဂိတ်များမှ မောင်းနှင်သူများ စုစုပေါင်း ၁၅၀ တက်ရောက်ကြသည်။

ပညာပေးဟောပြော

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီမံညွှန်ကြားမှုဖြင့် မော်လမြိုင်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေးဟောပြောပွဲ၊ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲနှင့် လူကုန်ကူးမှုတားဆီးရေး အသိပညာပေးဟောပြောပွဲများကိုကျင်းပလျက်ရှိသည်။ (ဝ၁၄)

မီးဘေးသင့် အိမ်ထောင်စုများအား ခင်ဦးမြို့နယ်၌ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

ခင်ဦး ဧပြီ ၂၀

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မကျီးတုံကျေးရွာ၌ မီးဘေးသင့် အိမ်ထောင်စု ၉၇စုအား ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဧပြီ ၉ရက် နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌဦးအုံးချို၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တစ်အိမ်လျှင် ငွေကျပ်၁၀၀၀၀နှုန်းဖြင့် ငွေကျပ် ၉၇၀၀၀၀၊ ရွှေဘိုမြို့မှ ဒေါက်တာဦးဘိုကြီး (ရပ်ပျိုတိုင်းရင်းဆေး)က ငွေကျပ် ၅၀၀၀၀၀၊ ရွှေဘိုခရိုင်ခုနစ် မြို့နယ်မှ ငွေနှင့် ဆန်တန်ဖိုး ငွေကျပ်၈၂၄၀၇၁၀၊ ရွှေဘိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ် ၈၁၄၄၀၀၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးဦးစီးဌာနမှ ထောက်ပံ့ပစ္စည်း ခြောက်မျိုး၊ ကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်း ကိုးမျိုး စုစုပေါင်း ငွေကျပ် ၂၀၃၂၀၆၆၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (၁၈၂)

ဖားကန့်စည်ပင် တာမခံ-ဆည်ဇင်းလမ်း ကျောက်ချောခင်း

ဖားကန့် ဧပြီ ၁၅

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်အတွင်း ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် နှစ်စဉ်အလိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော တာမခံ-ဆည်ဇင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မတ် ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ ဦးကျော်လွင်ထွန်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့်တာဝန်ခံ အင်ဂျင်နီယာတို့ ကြပ်မတ်ပေးသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ် သတင်းများ

ဈေးရောင်းပွဲတော် ညောင်ဦး၌ကျင်းပ

ညောင်ဦး ဧပြီ ၁၂

ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းလီမိတက်၏ ဆဋ္ဌမအကြိမ်မြောက် အထူးဈေးရောင်းပွဲတော်ကို ဂျီအီးစီ(ပညာရေး) သမဝါယမအသင်း အရောင်းဆိုင်၌ ဧပြီ ၄ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ အခမ်းအနားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိန်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ကြိတ်ကြိတ်တိုး

အထူးဈေးရောင်းပွဲတော်တွင် ဝယ်ယူအားပေးသူများနှင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိခဲ့ပြီး ထိုနေ့က ငွေကျပ် ၅၂သိန်းဖိုး ရောင်းချကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မီရ်ဂါနီ မိုဟာမက် ဆာလိသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သံအမတ်ခန့်အပ်လွှာ ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မီရ်ဂါနီ မိုဟာမက် ဆာလိ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် - မော်လမြိုင် - ရေး - ထားဝယ် - မြိတ် - ကော့သောင်းလမ်းပေါ်ရှိ ပေ ၁၈၀ နှင့်အထက် တံတား ၂၂၄ စင်းမြောက် ရေပုံးတံတားဖွင့်

နေပြည်တော် ဧပြီ ၂၉

ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်းပေါ်ရှိ ရေပုံးတံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။ တံတားဖွင့်ပွဲ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်၊ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

30-4 (20).pmd 1 4/30/2009, 2:15 AM